# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၁၂) ရက် ၊ တနင်္ဂနွေနေ့ ၊ (4-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ NGO၊ INGO များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းမှုဆိုင်ရာအရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်းမြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများနှင့် ကောင်းကျိုးစီးပွားတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေးစည်းရုံးလှုံ့ဆော်ရန်အတွက်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# တက်ညီလက်ညီဖြင့် ပြည်တွင်းထုတ်ကုန်တိုးမြှင့်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်လေ့လာရာတွင် ပြည်တွင်းကုန်ချောထုတ်လုပ်နိုင်မှု၊ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှု၊ ကုန်သွယ်မှုပိုငွေရရှိမှု စသည့်အခြေအနေတို့က နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအကြောင်းရင်းများဖြစ်ကြသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းတစ်ရပ် သတ်မှတ်ရာတွင် စီးပွားရေးအင်အား၊ နိုင်ငံရေးအင်အား၊ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာမှုအပေါ် အခြေခံသည်။ နိုင်ငံ၏ စီးပွားရေးအင်အားတစ်ရပ် ခိုင်မာတောင့်တင်းအား ကောင်းမွန်ပါက နိုင်ငံရေးအင်အား၊ ကာကွယ်ရေးအင်အားဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးစနစ်များ တိုးတက်လာမှုနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကုန်ချောထုတ်လုပ်မှုအပါအဝင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် အသုံးချနိုင်မှုက အခရာဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ကို အသုံးချပြီး အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တက်ညီလက်ညီဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးအနက်ထား အားပေးဖော်ဆောင်ပေးလျက်ရှိသည်။

မျက်မှောက်ကာလ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးအင်အားတောင့်တင်းခိုင်မာရခြင်းမှာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်သည်။ လက်ရှိအချိန်ထိလည်း အားပေးလုပ်ကိုင်ဆောင်ရွက်ဆဲဖြစ်သည်။ အဆိုပါလုပ်ငန်းများသည် ဈေးကွက်ယှဉ်ပြိုင်မှုအားကောင်းစေသည်။ စွန့်ဦးတီထွင်မှုများရှိလာပြီး ထုတ်ကုန်အရည်အသွေး ယှဉ်ပြိုင်မှုနှင့်တိုးတက်မှုကိုဖြစ်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။

အသေးစား၊ အငယ်စားနှင့်အလတ်စား လုပ်ငန်းများသည် မြို့ပြဒေသတွင်သာ ထူထောင်နိုင်ခြင်းမဟုတ်ဘဲ ကျေးလက်ဒေသထိပါ အကောင်အထည်ဖော်နိုင်သော လုပ်ငန်းများဖြစ်သည်။ ကျေးလက်ဒေသ၏ လယ်ယာထွက်ကုန်အပါအဝင် ဒေသအလိုက်ထွက်ရှိသော ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်နိုင်သည်။ အဓိကထုတ်လုပ်နိုင်သော လုပ်ငန်းများမှာ တန်ဖိုးမြှင့်စားသောက်ကုန်များ၊ စက်မှုကုန်ချော အဝတ်အထည်လုပ်ငန်းများဖြစ်သည်။ အဆိုပါထုတ်ကုန်များ အရည်အသွေးကောင်းမွန်မှုနှင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပသွင်းကုန်များ အလိုလိုလျော့ချလာနိုင်မည်ဖြစ်သည်။ ပြည်ပနိုင်ငံများဖြင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်ကုန် အစားထိုးဖြင့် ပြည်ပသွင်းကုန်လျော့ချလာနိုင်ပါက ကုန်သွယ်မှုပိုငွေရရှိလာပြီး နိုင်ငံခြားငွေသုံးစွဲမှုကို လျော့ချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များပံ့ပိုးကူညီ ဆောင်ရွက်ပေးသည့်နည်းတူ အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် အားဖြည့်ကူညီဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းရှင်များက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းများအကျိုးတူဆောင်ရွက်ခြင်းတို့ကို တက်ညီလက်ညီဖြင့် ပြည်တွင်းထုတ်ကုန် တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ပေါက်ဈေးရှိနေ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်ဖြူအရောင်းအဝယ် ကောင်းမွန်သည့်အပြင် ဈေးကောင်းလည်းရရှိနေကြောင်း၊ မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဈေးကောင်းလည်း ရရှိလာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေ အနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရလာတယ်" ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလနောက်ဆုံးပတ်က ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ သာရှိခဲ့သော်လည်း ယနေ့တွင် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ရှိလာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလတ်တလော မုံရွာကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးကောင်းပြန်ရနေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၀၀၉၅၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ကို ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ကြသလို စောင်းတန်းတွေကလဲ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်။ အနယ်နယ်အရပ်ရပ်ကနေ လာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စားသောက်ဆိုင်တွေနဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချကြပါတယ်။ အမှတ်တရ ဓာတ်ပုံတွေ ရိုက်ကြတာကိုလဲ တွေ့ရပါတယ်" ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၈၃ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၉၈၁၂၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်း စေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၁၅၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# ယခုနှစ် ကြံရာသီတွင် ဗီယက်နမ်နိုင်ငံသို့ ပြည်တွင်းထွက် သကြားဖြူတန်ချိန် ၅၀၀၀၀ ခန့် တင်ပို့သွားမည်

**မန္တလေး ဒီဇင်ဘာ ၃**

ယခုနှစ် ကြံရာသီတွင် ဗီယက်နမ်နိုင်ငံသို့ ပြည်တွင်းထွက်ကုန်ဖြစ်သော သကြားဖြူတန်ချိန် ၅၀၀၀၀ ခန့် တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ဗီယက်နမ်နိုင်ငံသို့ ပြည်တွင်းထွက်ကုန်ဖြစ်သော သကြားဖြူများကို တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုတင်စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ သကြားစက်ရုံများလည်း ဒီဇင်ဘာ ၁ ရက်မှစ၍ ကြံများကို ကြိတ်ဝါးနေပြီဖြစ်ပြီး ထွက်ရှိလာမည့် သကြားများကို ဗီယက်နမ်နိုင်ငံသို့ ဒီဇင်ဘာလအတွင်း တန်ချိန် ၅၀၀၀၀ ခန့်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပတင်ပို့တာက ပြည်တွင်းစားသုံးမှုဖူလုံတဲ့အတွက် တင်ပို့ရောင်းချနေတာပါ။ အဓိကအနေနဲ့ကတော့ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဦးတည်ဆောင်ရွက်ပါတယ်။ တစ်နှစ်ကို သကြားတန်ချိန် ၄၅၀၀၀၀ ထွက်ပါတယ်။ အခုကတော့ ဗီယက်နမ်နိုင်ငံကိုပဲ ပို့နေတာပါ။ ပြီးခဲ့တဲ့ နှစ်ကတော့ တန်ချိန် ၉၀၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ကိုဗစ်ရောဂါ မဖြစ်ပွားခင်က တရုတ်နိုင်ငံကိုလဲ တင်ပို့ပါတယ်။ ဒီနှစ်မှာ သကြားတန်ချိန် ၅၀၀၀၀၀ ထွက်နိုင်ဖို့ လျာထားပါတယ်။ ကြံစိုက်ဧကတွေကလဲ တိုးလာတယ်။ ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးက ကြံစိုက်ဧကအများဆုံးပါ။ ဒုတိယအများဆုံးက ပဲခူးတိုင်းဒေသကြီးပါ။ ဗီယက်နမ်နိုင်ငံအပြင် အခြားနိုင်ငံတွေကလဲ ကမ်းလှမ်းတာတွေ ရှိပါတယ်။ တန်ချိန် များများစားစားတော့ မတင်ပို့နိုင်သေးပါဘူး။ စမ်းသပ်တင်ပို့နေတာတွေတော့ရှိပါတယ်" ဟု ဦးဝင်းဌေးက ပြောပြသည်။

ယခုနှစ်ကြံရာသီတွင် သကြားစက်ရုံများက နိုဝင်ဘာလအတွင်း မှစ၍ကြံများကိုဝယ်ယူကာ စက်များ လည်ပတ်လျက်ရှိကြောင်း၊ လက်ရှိတွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်ရုံများ စတင်လည်ပတ်နေပြီဖြစ်ကြောင်း ၄င်းက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သီပေါမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်လှစ်

**သီပေါ ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံ စက်ချုပ်သင်တန်းကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်က သီပေါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အခြေခံ စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းက သင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာ မှတ်သားလိုက်နာပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်ထိ လေ့လာဆည်းပူးသွားကြရန် မှာကြားသည်။

ထို့နောက် သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်တို့က သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံ စက်ချုပ်သင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အခြေခံစက်ချုပ်နည်း သင်ခန်းစာများကို ဒီဇင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# သဲကုန်းမြို့နယ်အတွင်း ကျေးရွာခြောက်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**သဲကုန်း ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ၊ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

သဲကုန်းမြို့နယ် လှည်းဝိုင်းကုန်း၊ လက်သမားကုန်း၊ သစ်ဆွန်းကုန်း၊ ကဒီပင်၊ ကရင်ကုန်းနှင့် မင်းပုန်းကျေးရွာတို့၌ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၃၈ ဒသမ ၈ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာခြောက်ရွာရှိ ပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။ **သုတ**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပင်လယ်ရေကြောင်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၁၀၀၀ ကျော်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် ဒီဇင်ဘာ ၃**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၁၀၀၀ ကျော်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၄၆၈ ဒသမ ၂၁၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ပို့ကုန် အမေရိကန်ဒေါ်လာ ၆၈၅၈ ဒသမ ၁၁၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၉၆၇၅ ဒသမ ၀၉၂ သန်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၅၃၃ ဒသမ ၂၀၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက ပို့ကုန်အမေရိကန်ဒေါ်လာ ၃၅၆၉ ဒသမ ၁၅၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃၆၅ ဒသမ ၈၅၆ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၉၃၅ ဒသမ ၀၁ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၅၃၃ ဒသမ ၂၀၅ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၉၃၅ ဒသမ ၀၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၁၅၉၈ ဒသမ ၁၉၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပို့ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချော ပစ္စည်းများနှင့် အခြားပို့ကုန်များကိုတင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများ တင်သွင်းခဲ့ကြောင်း သိရသည်။

SKL

# ညောင်ဦးမြို့နယ် ပျဉ်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပျဉ်းချောင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူစုစုပေါင်း ၁၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပင်လောင်းမြို့နယ် သစ်ပင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပင်လောင်းမြို့နယ် မင်းဘူးကျေးရွာအုပ်စု သစ်ပင်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းလောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက သစ်ပင်ကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ဆင်းရဲမှုနှုန်းလျှော့ချနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်မေမိုးထိုက်က စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သစ်ပင်ကြီးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောပြ၍ သိရသည်။

**ရိုးသန်းညွှန့်**



ခရီးသွားဆောင်းပါး

# ပြဒါးလင်းဂူသို့ ခက်ခဲကြမ်းတမ်းသည့်ခရီး

သက်နိုင်(ပြင်ဦးလွင်)

နောက်တစ်ပတ်ကျောင်းပိတ်ရက်ဖြစ်တဲ့ စနေနေ့မှာ မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာကို ပြန်လည်ရောက်ရှိလာခဲ့ရတယ်။ အကြောင်းရင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရှောင်မြို့နယ်ထဲမှာရှိတဲ့ ရှေးဟောင်း ပြဒါးလင်းဂူရှိရာကို သွားရောက်လည်ပတ်လေ့လာကြဖို့ပါ။ ပြကွ္ခရွှေတောင်နဲ့ ကင်းတားဆည်ကိုသွားရောက်ပြီးကတည်းက မိမိကိုယ်တိုင်ရော၊ ရွာခံသူငယ်ချင်းမိသားစုကပါ ကင်းတားဆည်အတွင်းကနေ စက်လှေစီးပြီးသွားရောက်ရတဲ့ ပြဒါးလင်းဂူရှိရာကို သွားရောက်ရဖို့ စိတ်ဆန္ဒတွေရှိခဲ့ကြတယ်။ ဒီတစ်ခေါက်တော့ ပြင်ဦးလွင်မြို့ကနေ လိုက်ပါနေကျဖြစ်တဲ့ ခရီးဖော်ဆရာဦးသုထက်ကျော်အပြင် သမီးအရင်းတစ်ယောက်လိုဖြစ်နေတဲ့ တပည့်မလေးတစ်ယောက်လဲ အတူလိုက်ပါလာခဲ့ကြတယ်။

ရွာခိုင်ကြီးကျေးရွာမှာ ညအိပ်ကြပြီး ပြဒါးလင်းဂူရှိရာကို မနက်စောစောထသွားရောက်ကြမှာမို့ ညအိပ်ရပ်နားတဲ့ သူငယ်ချင်းအိမ်မှာ ပျော်ပျော်ပါးပါးစားသောက်ကြရအောင် မာလာဟင်းပစ္စည်းတွေနဲ့ ဟင်းသီးဟင်းရွက်တွေ၊ ပင်လယ်စာအကင်မျိုးစုံတွေ၊ အကင်စက်တွေ၊ Gas မီးဖိုတွေ၊ Gas ဘူးတွေကိုပါ တစ်ပါတည်းယူဆောင်လာခဲ့ကြတယ်။

ညနေစောစောရွာကိုရောက်ရောက်ချင်း အသားတွေ၊ ငါးတွေဝယ်ပြီး ပြင်ဦးလွင်ကနေပါလာတဲ့ မာလာခေါက်ဆွဲပစ္စည်းတွေနဲ့ မာလာငါးဟင်းကို ချက်ပြုတ်ရတယ်။ မာလာငါးဟင်းကျက်တော့မှ ပင်လယ်စာတွေနဲ့အတူ အသားတွေ၊ ငါးတွေ၊ အသီးအနှံတွေကို အကင်စက်နဲ့ကင်ပြီး တပျော်တပါးစားသောက်ကြတာ ည ၉ နာရီကျော်မှ စားသောက်ပြီးကြတယ်။ မနက်စောစောအိပ်ရာထကြပြီး ပြဒါးလင်းဂူကိုသွားရောက်ကြဖို့အတွက် စီစဉ်ထားတာကြောင့် စားသောက်ပြီးတာနဲ့ အိပ်ရာဝင်ခဲ့ကြရတယ်။

တောင်တက်လမ်းအပြင် တောတွင်းခရီးလမ်းဖြစ်နေလို့ အိပ်ရာထပြီး မနက်စောစာကတည်းက အဆာခံနိုင်တဲ့ ထမင်းကြော်နဲ့ အကြော်စုံကို စားသောက်ခဲ့ကြပြီး ကင်းတားဆည်ရှိရာကို ထွက်လာခဲ့ကြတယ်။ ဒီတစ်ခေါက်က သူငယ်ချင်းမိသားစုဝင်တွေအပြင် ရွာခံအိမ်နီးချင်းတွေလဲ အတူလိုက်ပါလာတာကြောင့် မိမိရဲ့ခွေးဘီလူးကားလေးပေါ်မှာ စုစုပေါင်း ၁၇ ယောက်ပါ။ လူ ၁၇ ယောက်နဲ့ သာမန်လမ်းကောင်းပေါ်မှာ မောင်းနှင်လို့ရနေပေမဲ့ ကင်းတားဆည်အတက် တောတွင်းခရီးလမ်းကြမ်းမှာ အမျိုးသားတွေနဲ့ ငယ်ရွယ်တဲ့အမျိုးသမီးတွေက ကားပေါ်ကဆင်းပြီး လမ်းလျှောက်လိုက်လာခဲ့ကြရတယ်။ လမ်းမလျှောက်နိုင်တဲ့ အမျိုးသမီးနှစ်ယောက်၊ သုံးယောက်လောက်နဲ့ ကားမောင်းလာခဲ့တာတောင် အချို့လမ်းနေရာတွေမှာ ခွေးဘီလူးကားအောက်ပိုင်းကို မလွတ်အောင် လမ်းအခြေအနေက ဆိုးဝါးလှပါတယ်။ ပြဒါးလင်းဂူကိုသွားမယ်ဆိုရင် ရှောင်ဘက်ကားလမ်းခရီးက ကားတွေမောင်းနှင်လို့မရနိုင်အောင် လမ်းတွေပျက်စီးနေပြီဖြစ်ပြီး ခရီးမိုင်ကလဲ ဝေးလွန်းပါတယ်။ ဒါကြောင့် ကင်းတားဆည်အတွင်းကနေ ရေလမ်းခရီး စက်လှေနဲ့သွားရတာ အကောင်းဆုံးဖြစ်ကြောင်း လေ့လာသိရှိထားရတယ်။

ကင်းတားဆည်ထိပ်ကိုရောက်တာနဲ့ အရင်တစ်ခေါက်က ကားထားခဲ့တဲ့နေရာမှာပဲ ကားကိုရပ်နားထားခဲ့ရပြီး စက်လှေဆိပ်ရှိရာကို ဆင်းလာကြရတယ်။ စက်လှေဆိပ်ကိုရောက်တော့ မနက် ၇ နာရီခွဲနေပါပြီ။ စက်လှေဆိပ်ကတော့ အရင်တစ်ခေါက်လာခဲ့တုန်းက မြင်တွေ့ရတဲ့ပုံစံအတိုင်း သစ်လုံးတွေ၊ ဝါးလုံးတွေ၊ စက်လှေတွေအပြည့်နဲ့ပါ။ ကြိုတင်ဖုန်းဆက်အကြောင်းကြားထားတဲ့စက်လှေက အသင့်စောင့်ဆိုင်းနေပြီး ကင်းတားဆည်အတွင်းကနေ ရှေ့ခရီးကိုဆက်ခဲ့ကြရတယ်။ တောင်ပတ်လည်ဝိုင်းရံနေတဲ့ ကင်းတားဆည်ရေပြင်ဧရိယာက ကျယ်ဝန်းသလို ရေတွေကလဲ ကြည်လင်သန့်စင်နေပါတယ်။ စက်လှေခုတ်မောင်းနေရင်းနဲ့ တာတမံကြီးလေးခုကို တစ်ခုပြီးတစ်ခုတွေ့မြင်နေရတယ်။ ဒီတာတမံကြီးတွေကြောင့် ကင်းတားဆည်မှာ ရေထွက်ပေါက်မရှိတော့ဘဲ ဆည်အတွင်းမှာ ရေတွေပြည့်လျှံနေကြရတယ်။

ကင်းတားဆည်ရေပြင်ဧရိယာက ကြီးမားကျယ်ပြန့်ရှည်လျားသလောက် ဆည်ရေပြင်နဲ့ ထိစပ်နေတဲ့ မြို့နယ်တွေကလဲ စုံလင်လှပါတယ်။ မိမိတို့စက်လှေစတင်စီးလာတဲ့နေရာ စက်လှေဆိပ်က မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းမှာ ကျရောက်နေတယ်။ စက်လှေခုတ်မောင်းလာပြီး ဆည်အလယ်ကိုရောက်ရှိလာတာနဲ့ ဘယ်ဘက်ဆည်အခြမ်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ထဲမှာ ပါဝင်နေသလို ညာဘက်ဆည်အခြမ်းက ရှောင်မြို့နယ်ထဲမှာ ပါဝင်နေပြန်တယ်။ ပြဒါးလင်းဂူကို သွားမယ်ဆိုရင် ရှောင်မြို့နယ်အတွင်းကနေ သွားရောက်ကြရမှာပါ။ စက်လှေစီးရင်း ရှုခင်းတွေကြည့်၊ ဓာတ်ပုံတွေရိုက်ကြနဲ့ စက်လှေခုတ်မောင်းချိန် မိနစ် ၃၀ လောက်မှာ စက်လှေက ကမ်းတစ်ခုကို ကပ်လိုက်ပါတယ်။ ဒီနေရာကနေ စက်လှေပေါ်ကဆင်းပြီး ပြဒါးလင်းဂူရှိရာကို သွားကြရမှာဖြစ်ကြောင်း သိလိုက်ရတယ်။

စက်လှေက ကမ်းနီးရေတိမ်ပိုင်းကို တဖြည်းဖြည်းကပ်နေချိန်မှာ ဆည်ရေပြင်ကို လေ့လာကြည့်ရှုမိတဲ့အခါ ရေပြင်က အလွန်ကြည်လင်နေပြီး ရေအောက်မှာရှိတဲ့ ကျောက်တုံးကျောက်ခဲတွေကို ရှင်းရှင်းလင်းလင်း၊ ထင်ထင်ရှားရှားမြင်တွေ့နေရတယ်။ သတိထားကြည့်ရှုမိတဲ့အချိန်မှာ ရေပြင်က အနည်းဆုံး ၁၀ ပေလောက် နက်လိမ့်မယ်ထင်တယ်။ လူသူအရောက်အပေါက်နည်းလွန်းပြီး အမှိုက်သရိုက်တွေမရှိတာကြောင့် ရေတွေက သဘာဝအတိုင်းကြည်လင်နေတာပါ။ ထူးထူးခြားခြားအနေနဲ့ စက်လှေဆိပ်ကမ်းစပ်ရေပြင်ပေါ်မှာ သစ်တွေ၊ ဝါးတွေနဲ့ တည်ဆောက်ထားတဲ့ ရေသိမ်ဖောင်တော်တစ်ခုကိုလဲ တွေ့မြင်နေရတာကြောင့် ကုန်းပေါ်မှာ ဘုန်းတော်ကြီးကျောင်းတစ်ခု သေချာပေါက်ရှိနေလိမ့်မယ်လို့ ခန့်မှန်းမိလိုက်တယ်။




ပြဒါးလင်းဂူအဝင်နေရာကို တွေ့ရစဉ်။

စက်လှေပေါ်ကနေဆင်းလိုက်တာနဲ့ သုံးထပ်တိုက်အမြင့်လောက်ထိတက်ရတဲ့ အုတ်လှေကားမတ်မတ်တွေအတိုင်း အပေါ်ကိုတက်သွားကြရတယ်။ အချို့ အမောမခံနိုင်သူတွေအတွက် ဒီအတက်လှေကားကို တက်လာပြီးကတည်းက မောဟိုက်နေကြပါပြီ။ စောစောကတွေးထင်ထားတဲ့အတိုင်း ကုန်းပေါ်ကိုရောက်တာနဲ့ ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးနေထိုင်နေတဲ့ ကျောင်းငယ်တစ်ခုနဲ့ အမိုး၊ အုတ်ခုံသာပါရှိတဲ့ဇရပ်တစ်ဆောင်ကို စတင်တွေ့ရှိလိုက်ရတယ်။ ပြဒါးလင်းဂူရောက်တဲ့ထိ နောက်ထပ်သုံးမိုင်ခွဲ တောတွင်းလမ်းခရီးကို လိုက်ပါနိုင်ခြင်းမရှိတဲ့သူတွေက နားနားနေနေနဲ့စားသောက်ရင်းနေခဲ့ကြမှာမို့ ထမင်းချိုင့်၊ ဟင်းချိုင့်စားသောက်စရာတွေကို ဇရပ်ပေါ်ယူလာကြပြီး ဂူအထိဆက်လက်သွားရောက်ကြမဲ့သူတွေကလဲ ခဏတဖြုတ်နားရင်း အဆာပြေစားသောက်ကြရတယ်။

ခဏနားရင်း၊ စားသောက်နေကြရင်း ဘုန်းကြီးကျောင်းမှာနေတဲ့ ကပ္ပိယကြီးတစ်ယောက်က အခုလိုက်ပို့ပေးတဲ့ စက်လှေသမားကို လမ်းပြအဖြစ်ငှားသွားသင့်ကြောင်း၊ တောတွင်းခရီးမှာ လမ်းမှားနိုင်ကြောင်း၊ လမ်းပြငှားရမ်းခ ငွေကျပ် ၁၀၀၀၀ သာရှိကြောင်း စေတနာနဲ့ရှင်းလင်းပြောဆိုပြတာကြောင့် စက်လှေသမားကို လမ်းပြအဖြစ်ငှားရမ်းသွားကြရတယ်။ စက်လှေသမားတွေက ဒီခရီးလမ်းကို အထပ်ထပ်အခါခါသွားလာနေကျဖြစ်နေတာကြောင့် သူတို့က ကျွမ်းကျင်နေကြပါပြီ။ ပြဒါးလင်းဂူခရီးအတွက် စက်လှေခ ငွေကျပ် ၃၅၀၀၀ နဲ့ လမ်းပြငှားခ ငွေကျပ် ၁၀၀၀၀ ကုန်ကျပါတယ်။

စားသောက်ပြီးတာနဲ့ စက်လှေသမားလမ်းပြ ဦးဆောင်ခေါ်သွားတဲ့အတိုင်း နောက်ကနေ တစ်ယောက်ချင်းတန်းစီလိုက်သွားကြရတယ်။ လမ်းအခြေအနေက နှစ်ယောက်ယှဉ်တွဲပြီးသွားလို့မရတဲ့ တောတွင်းလမ်းစစ်စစ်တစ်ခုပါ။ လမ်းတစ်လျှောက်မှာ ချုံနွယ်ပိတ်ပေါင်းတွေ၊ ဝါးတောကြီးတွေသာမက အဖိုးတန်သစ်ပင်ကြီးတွေကိုလဲ တွေ့မြင်နေရတယ်။ အချို့ခုတ်လှဲပြီး၊ အချို့ခုတ်လှဲဆဲ၊ အချို့ရှိနေဆဲပါ။ တောတွင်းလမ်းမှာ သစ်ပင်၊ သစ်လုံးကြီးတွေကို တွေ့မှ ကင်းတားဆည်အစပ်မှာတွေ့မြင်ခဲ့ရတဲ့ သစ်တွေ၊ ဝါးတွေ သစ်တင်စက်လှေတွေ၊ သစ်တင်ကားကြီးတွေအကြောင်း ကောင်းကောင်းသဘောပေါက်သွားခဲ့ရတယ်။ ဒီတောထဲကထွက်ရှိတဲ့ သစ်တွေ၊ ဝါးတွေကို ကင်းတားဆည်ထဲကနေ စက်လှေတွေနဲ့ ကမ်းစပ်ထိသယ်ယူလာပြီးမှ ကားကြီးတွေနဲ့တစ်ဆင့် ထပ်မံသယ်ယူနေကြတာဖြစ်ပါတယ်။ တောတွင်းထဲမှာ လမ်းလျှောက်သွားနေကြရင်း အလွန်ကြီးမားတဲ့သစ်ပင်ကြီးတွေ၊ ဝါးတောကြီးတွေကိုတွေ့တိုင်း မကြာခင်ခုတ်လှဲခံကြရတော့မှာဆိုတာကို တွေးမြင်မိပြီး နှမြောရတော့တယ်။

ပြဒါးလင်းဂူသွားတောတွင်းလမ်းက အတက် မတ်မတ်စောက်စောက်တွေမရှိဘဲ ခပ်ပြေပြေလောက်သာတက်သွားရတဲ့လမ်းတွေသာဖြစ်ပါတယ်။ တစ်ခါတစ်ရံ တောင်ကျချောင်းငယ်လေးတွေကို ဖြတ်သန်းသွားရတဲ့အပြင် ရေမရှိတော့တဲ့ချောင်းရိုးတွေအတိုင်း လိုက်သွားရတာလဲရှိတယ်။ ချောင်းရိုးထဲကနေလိုက်သွားရတဲ့လမ်းက သစ်ပင်ချုံနွယ်တွေ ရှင်းလင်းနေတာကြောင့် လမ်းလျှောက်လို့ကောင်းတယ်။ ရံဖန်ရံခါလောက်မှသာ ကျောက်တုံးကျောက်ခဲတွေကို တွေ့မြင်ကျော်လွှားသွားကြပြီး အများအားဖြင့် အနည်ကျသဲမြေတွေပေါ်က သွားနေကြရတယ်။ လမ်းခရီးမှာ ခက်ခဲတာက ခုတ်လှဲထားကြတဲ့သစ်ပင်ကြီးတွေ၊ ဆွဲယူသွားတဲ့ လမ်းကြောင်းရာတွေကြောင့် လမ်းမှားတတ်ကြတာပါ။ ခုတ်လှဲထားတဲ့သစ်ပင်၊ သစ်တုံးကြီးတွေကို မကြာခဏကျော်လွှားသွားနေကြရတာကလဲ ဒုက္ခတစ်ခုလိုဖြစ်နေတယ်။ လမ်းပြငှားခဲ့လို့သာ သူ့နောက်ကလိုက်ပြီး အဆင်ပြေပြေနဲ့သွားနေကြရတယ်။ လမ်းပြမပါရင် ဆင်ကန်းတောတိုးသလို စမ်းတဝါးဝါးနဲ့ သွားနေကြရမှာ သေချာပါတယ်။


လမ်းခရီးမှာ အခက်အခဲဖြစ်ကြရတာတစ်ခုက ဖိနပ်ပြဿနာပါ။ လမ်းတွေက မညီမညာနဲ့ ကြမ်းတမ်းတာကြောင့် စီးလာခဲ့တဲ့ သာမန်မြေပြင်စီးဖိနပ်တွေ ပြတ်ကြရတယ်။ ပြကွ္ခရွှေတောင်ကိုတက်ခဲ့ကြတုန်းက အတွေ့အကြုံအရ ခိုင်ခံ့တဲ့တောင်တက်စီးဖိနပ်တွေကို စီးလာခဲ့ကြဖို့ မှာကြားထားခဲ့ပေမဲ့ အချို့မသိသူတွေရဲ့ ဖိနပ်တွေပြတ်ကြ၊ ပေါက်ကြ၊ ကွဲကြဖြစ်ကုန်ရတယ်။ သွားလာနေတဲ့လမ်းတစ်လျှောက်မှာလဲ အခြားအမှိုက်သရိုက်တွေမတွေ့ရဘဲ ဖိနပ်စုတ်၊ ဖိနပ်ပြတ်တွေကိုသာ အများအပြားတွေ့မြင်နေရတာကြောင့် ဒီလိုခရီးလမ်းကိုသွားမယ်ဆိုရင် ဖိနပ်ကောင်းဖို့က အရေးကြီးတယ်ဆိုတာ သိလိုက်ရတယ်။

တောတွင်းမှာ အန္တရာယ်ပေးနိုင်တဲ့ သားရဲတိရစ္ဆာန်ကြီးတွေမရှိကြတော့ကြောင်း၊ သမင်၊ ဒရယ်၊ ချေ(ဂျီ)၊ တောင်ဆိတ် စတဲ့တောကောင်တွေသာရှိတော့ကြောင်း၊ အရင်ဆယ်စုနှစ်ကျော်က တောဆင်ရိုင်းတွေရှိခဲ့ပြီး အခုမရှိကြတော့ကြောင်း စတာတွေကို လမ်းပြက ရှင်းပြပါတယ်။ တောတွင်းမှာ အန္တရာယ်ပြုနိုင်တဲ့ သားရဲကြီးတွေ မရှိကြတော့လို့ စိတ်ချလက်ချသွားလာနေနိုင်ကြပေမဲ့ အခြားခရီးသွားတွေလဲ ဘယ်သူမှ မရှိကြပါဘူး။ ပြဒါးလင်းဂူကိုသွားမယ်ဆိုရင် အုပ်စုအဖွဲ့တောင့်တောင့်၊ စားစရာသောက်စရာအပြည့်အစုံပါမှသွားကြရင် ပိုပြီးအဆင်ပြေမှာပါ။ လမ်းပြရဲ့ပြောပြချက်အရ ခရီးသွားလာလို့ကောင်းတဲ့ ပွင့်လင်းရာသီတွေမှာတောင် တစ်လ၊ နှစ်လနေလို့ ခရီးသွားတစ်ဖွဲ့ မလာကြဘူးလို့ဆိုပါတယ်။ ဒါကြောင့်လဲ လူသွားလမ်းတွေပေါ်မှာ အပင်တွေပေါက်ပြီး လမ်းတွေပျောက်ကုန်ကြရတယ်။

ခရီးသွားတစ်ယောက်တလေ၊ တစ်ဖွဲ့တလေမှမရှိတဲ့ တောတွင်းလမ်းအတိုင်း လမ်းပြနောက်ကနေ စကားပြောရင်းဆိုရင်း၊ ကျော်ရင်းလွှားရင်း၊ တိုးရင်းဝှေ့ရင်းနဲ့ လျှောက်လာခဲ့ကြတာ သတ်မှတ်ကြာချိန် ၁ နာရီ မိနစ် ၃၀ မှာ ဂူနားကိုရောက်ရှိလာကြတယ်။ စက်လှေဆိပ်မှာ စားသောက်ပြီး မနက် ၈ နာရီခွဲက စတင်ထွက်လာကြတာမို့ ဂူနားကိုရောက်တော့ မနက် ၁၀ နာရီတိတိရှိနေပါပြီ။ ဂူထဲကိုမသွားကြခင် အသင့်ယူဆောင်လာကြတဲ့ ခေါက်ဆွဲခြောက်ဘူးတွေကိုစားသောက်ကြရင်း ဂူရှေ့မလှမ်းမကမ်းမှာရှိနေတဲ့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံးမှာ နားကြရတယ်။ ရုံးဆိုပေမဲ့ ပျဉ်ထောင်ခပ်သေးသေး အဆောက်အအုံလေးတစ်ခုသာဖြစ်ပြီး အစောင့်ဝန်ထမ်းတစ်ယောက်သာရှိနေတယ်။ ပြဒါးလင်းဂူတည်ရှိတဲ့နေရာက ရှောင်မြို့နယ်ထဲမှာဖြစ်နေပေမဲ့ ရှောင်မြို့နဲ့ အလွန်ဝေးခေါင်ခက်ခဲတဲ့နေရာမှာပါ။ အစောင့် ဝန်ထမ်းကိုယ်တိုင်က တစ်လတစ်ခါလစာသွားမထုတ်နိုင်ဘဲ လူကြုံရှိမှ လစာနဲ့ရိက္ခာတွေကို မှာယူနေရသလို ဆက်သွယ်ရေးဖုန်းလိုင်းတွေလဲ မမိတော့ပါဘူး။

ရုံးမှာ ခဏနား၊ စားသောက်နေရင်း ဧလာစာအုပ်တစ်အုပ်နဲ့ ဖွင့်လှစ်ထားရှိတဲ့ ဧည့်သည်တော်မှတ်တမ်းမှာ လက်မှတ်ရေးထိုးတဲ့အခါ လာရောက်သွားကြတဲ့မှတ်တမ်းတွေအရ မိမိတို့အခုလာရောက်တဲ့အဖွဲ့နဲ့ အနီးဆုံးရှေ့အဖွဲ့နဲ့ သုံးလကွာခြားနေတာကို တွေ့ရှိလိုက်ရတယ်။ ကြားကာလသုံးလတာအတွင်း ပြဒါးလင်းဂူရှိရာကို ဘယ်ဧည့်သည်မှမလာ၊ မရောက်ခဲ့ကြပါဘူး။ ခက်ခက်ခဲခဲကြမ်းကြမ်းတမ်းတမ်းလာခဲ့ရတဲ့ ပြဒါးလင်းဂူကိုရောက်တုန်း လေ့လာလည်ပတ်လိုက်ပါအုံးမယ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စာပလ္လင်၌

- သမိုင်းရှည်လျား တို့ဘိုးဘွားတွေ မွားဖူးသမျှ ရှောင်ကုန်ကြဟု သုတပလ္လင် စာပန်းဆင်၍ အထင်အရှား ချန်ရစ်ထား။

- သမိုင်းတစ်ရံ လူ့ဖိုးတန်တို့ မှန်ဖူးသမျှ ဆောင်ကုန်ကြဟု သုတပလ္လင် ကမ္ပည်းတင်၍ အထင်အရှား ပေးအပ်သွား။

- စာအုပ်စာပေ လူ့မိတ်ဆွေဟု ချစ်လေသမျှ ဤလောက၌ ဘဝမဏ္ဍိုင် ကြံ့ကြံ့ခိုင်ဖို့ ကိုယ်တိုင်မွားခြင်း ဒုက္ခကင်းလိမ့် အလင်းတံခါး မှန်တရားလည်း ထူးခြားပေါ်လွင် ပြတ်သားထင်လိမ့် အောင်မြင်ကြီးမြတ် အနာဂတ်တွက် တတ်သိပညာ ရောင်စုံဖြာသည် စာပလ္လင်ထိုက် ရင်ပြင်၌။ ။

ချစ်စုအောင်

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းနေကြာသီးနှံ ၁၉၅၅၈ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၉၅၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံ ၃၄၁၉၀ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၅၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း နေကြာဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နေကြာသီးနှံစိုက်ပျိုးမှုကတော့ မိုးနေကြာထက် ဆောင်းနေကြာကိုပဲ ပိုပြီးစိုက်ကြပါတယ်။ ဒီနှစ် ဆောင်းနေကြာ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နေကြာစိုက်ပျိုးသည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းနေကြာသီးနှံစိုက်ပျိုးသည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးနေပြီး ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံ ၁၁၀၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၀ွန်လမှစတင်စိုက်ပျိုးခဲ့ရာ ၁၂၂၂၀ ဧက စိုက်ပျိုးနိုင်သဖြင့် မိုးနေကြာဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ်က စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၀၉၄ ဧကနှင့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၂၃၆ ဧက စုစုပေါင်းဧက ၄၃၃၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ချောက်မြို့နယ် လင်းကတော-ကြပ်ကန်လမ်း၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ချောက် ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လင်းကတော-ကြပ်ကန်လမ်း၌ သံကူကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်၊ တမာတံခွန်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးခိုင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် လင်းကတော- ကြပ်ကန်လမ်း၌ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ ဦးဇော်မင်းထွဋ်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ချောက်မြို့နယ် လင်းကတော-ကြပ်ကန်လမ်း၌ တံတားအရှည် ၁၀ ပေ၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်တမာတံခွန်ကုမ္ပဏီက တာဝန်ယူ၍ နိုဝင်ဘာလပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် လင်းကတော-ကြပ်ကန်လမ်းပေါ်ရှိ ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၂၅၀၊ လူဦးရေ ၁၅၀၀ တို့၏ ဒေသထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်က ပြောပြ၍ သိရသည်။

နှဲ့ယဉ်



# မင်းဘူးမြို့နယ် နန်းတော်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နန်းတော်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာမှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက VDP စီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို ကျေးရွာ ၁၃ ရွာ၌ ဆောင်ရွက်ခဲ့ပြီး ထပ်တိုးကျေးရွာဖြစ်သည့် နန်းတော်ကုန်းကျေးရွာတွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

ဇင်မာ

# နိုင်ငံတကာ သတင်းများ

## လွှတ်တော်အမတ်အငြိမ်းစားလစာကို ဘရာဇီးသမ္မတ ဘော်လ်ဆိုနာရို ရယူခံစားမည်

**ဘရာဇီးလီးယား ဒီဇင်ဘာ ၃**

လက်ရှိ ဘရာဇီးသမ္မတ ဂျိုင်အာဘော်လ်ဆိုနာရိုသည် သမ္မတရာထူးမှအနားယူချိန်တွင် လွှတ်တော်အမတ်ဟောင်းတစ်ဦးအဖြစ် လွှတ်တော်အမတ်အငြိမ်းစားလစာကို ရယူခံစားမည်ဖြစ်ကြောင်း အေပီသတင်းဌာနက ဒီဇင်ဘာ ၂ ရက်က ဖော်ပြခဲ့သည်။

သမ္မတ ဘော်လ်ဆိုနာရိုသည် လွှတ်တော်အမတ်အငြိမ်းစားလစာကို ရယူခံစားရန် ယခင်ကငြင်းပယ်ခဲ့ဖူးသော်လည်း ဒီဇင်ဘာ ၂ ရက်က ထွက်ပေါ်ခဲ့သည့် ဘရာဇီးလွှတ်တော်မှတ်တမ်းများအရ သမ္မတဘော်လ်ဆိုနာရိုသည် လက်ရှိ ရယူခံစားဆဲဖြစ်သည့် စစ်မှုထမ်းအငြိမ်းစားလစာအပြင် လွှတ်တော်အမတ်အငြိမ်းစားလစာကိုပါ ရယူခံစားမည်ဖြစ်ကြောင်း သိရသည်။

ဘော်လ်ဆိုနာရိုသည် ဖက်ဒရယ်လွှတ်တော်အမတ်အဖြစ် ၁၉၉၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဘရာဇီးနိုင်ငံ၏ ဥပဒေများအရလွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သမ္မတ ဘော်လ်ဆိုနာရိုသည် တစ်လလျှင် အငြိမ်းစားလစာ ဘရာဇီး ဟေးအိုက်စ်ငွေ ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၈၀၀) ကို ရယူခံစားနိုင်သည်။

အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ၌ ပြိုင်ဘက်လက်ဝဲဝါဒီ သမ္မတဟောင်း လူလာဒါဆေးလ်ဗားကို ရှုံးနိမ့်ခဲ့သည့် ဘော်လ်ဆိုနာရိုသည် လာမည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် သမ္မတရာထူးမှ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

KKO



## ရေနံပို့ကုန်အပေါ် အနောက်နိုင်ငံများက ဈေးနှုန်းသတ်မှတ်ရန် ကြိုးပမ်းနေမှုကြောင့် ရေနံဝယ်လက်များ ဆက်လက်ရှာဖွေမည်ဟု ရုရှားအစိုးရ ပြောကြား



**မော်စကို ဒီဇင်ဘာ ၃**

ရုရှားရေနံပို့ကုန်များကို အမြင့်ဆုံးပေးမည့်ဈေးနှုန်း သတ်မှတ်ရန် အနောက်အုပ်စုနိုင်ငံများကကြိုးပမ်းနေသော်လည်း မိမိတို့အနေဖြင့် ရုရှားရေနံဝယ်လက်များဆက်လက်ရှာဖွေမည်ဟု ရုရှားအစိုးရ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၇ အုပ်စု နိုင်ငံများက ရေကြောင်းမှတစ်ဆင့်တင်ပို့သည့် ရုရှားရေနံစိမ်းများအတွက် အမြင့်ဆုံးပေးရမည့်ဈေးနှုန်းကို သတ်မှတ်ခဲ့ပြီးနောက် ရုရှားအစိုးရက အဆိုပါအတိုင်းတုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဂျီ-၇ အုပ်စု နိုင်ငံများသည် ရေကြောင်းမှတစ်ဆင့် တင်ပို့မည့် ရုရှားရေနံစိမ်းများအတွက် အမြင့်ဆုံးပေးရမည့်ဈေးနှုန်းကို ရေနံစိမ်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ သတ်မှတ်ရန် ဒီဇင်ဘာ ၂ ရက်က သဘောတူခဲ့ကြသည်။

သို့သော် ဂျီ-၇ အုပ်စု၏ အဆိုပါဆုံးဖြတ်ချက်ကို ဈေးကွက်စည်းမျဉ်းများအား ပြန်လည်ပုံသွင်းရန် ကြိုးစားမှုအဖြစ် အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံရုံးက ဝေဖန်ခဲ့သည်။

ထို့ပြင် ရုရှားရေနံပို့ကုန်များကို နောက်ဆုံးဈေးသတ်မှတ်ရန် အနောက်အုပ်စုနိုင်ငံများကကြိုးစားနေသော်လည်း ရုရှားရေနံဝယ်လိုအားဆက်ကောင်းနေမည်ဟုမိမိတို့ယုံကြည်ကြောင်း ရုရှားသံရုံးကြေညာချက်၌ ဖော်ပြထားသည်။

ဂျီ-၇ အုပ်စုက သတ်မှတ်ထားသည့် နောက်ဆုံးဈေးသတ်မှတ်ချက်အားလိုက်နာမည့်နိုင်ငံများကို ရေနံရောင်းချမည်မဟုတ်ကြောင်း ရုရှားသမ္မတ ပူတင်နှင့် ထိပ်တန်းတာဝန်ရှိသူများက အကြိမ်ကြိမ်ပြောကြားထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## မက္ကဆီကိုက အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာကို လာမည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းထပ်တိုးမည်

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၃**

အလုပ်ရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အစိုးရတို့ကြား သဘောတူညီချက်တစ်ရပ်ရယူနိုင်ခဲ့ပြီးနောက် မက္ကဆီကိုနိုင်ငံသည် လာမည့်နှစ်တွင် အလုပ်သမားတစ်ဦး၏အနည်းဆုံးလုပ်ခလစာကို ၂၀ ရာခိုင်နှုန်းထပ်တိုးပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ၂ ရက်တွင် ဖော်ပြခဲ့သည်။

အလုပ်သမားတစ်ဦး၏အနည်းဆုံးလုပ်ခလစာကို လာမည့်နှစ်အတွင်း လက်ရှိ တစ်ရက် ၁၇၂ ဒသမ ၈၇ ပီဆို(အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၉ ဒေါ်လာ) မှ တစ်ရက်လျှင်၂၀၇ ပီဆို(အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၂ ဒေါ်လာ)သို့ မြှင့်တင်ပေးမည်ဖြစ်ကြောင်း မက္ကဆီကိုအလုပ်သမားဝန်ကြီး လွီဆာအယ်လ်ကယ်လ်ဒီက အတည်ပြုကြေညာခဲ့သည်။

အမေရိကန်နိုင်ငံနှင့်မက္ကဆီကိုနယ်စပ်တစ်လျှောက်ရှိ အလုပ်သမားများ၏ အနည်းဆုံးလုပ်ခလစာကိုမူ တစ်ရက်လျှင် လက်ရှိ ပီဆို ၂၆၀ မှ ၃၁၂ ပီဆိုထိ မြှင့်တင်ပေးမည်ဖြစ်ကြောင်း မက္ကဆီကို အလုပ်သမားဝန်ကြီး၏အဆိုအရ သိရသည်။

သို့ရာတွင် အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာကို လာမည့်နှစ်တွင် မြှင့်တင်ပေးမည့် အစီအစဉ်ကြောင့် ငွေတန်ဖိုးဖောင်းပွမှုပြဿနာ ပိုဆိုးလာနိုင်ကြောင်း ကျွမ်းကျင်သူအချို့က သတိပေးထားသည်။

သို့ရာတွင် မိမိတို့အနေဖြင့် အလုပ်သမားများ၏ အနည်းဆုံးလုပ်ခလစာကို မြှင့်တင်ရာတွင် ငွေကြေးဖောင်းပွမှု ပြဿနာကိုပါ ထည့်သွင်း စဉ်းစားပေးခဲ့ကြောင်း ဘရာဇီး အလုပ်သမားဝန်ကြီးက ပြောကြားခဲ့သည်။

မက္ကဆီကို သမ္မတ လိုပက်ဇ်အော်ဘရေဒေါသည် သမ္မတရာထူးစတင်ရရှိချိန် ၂၀၁၈ ခုနှစ်မှစ၍ အလုပ်သမားများ၏ အနည်းဆုံးလုပ်ခလစာကို နှစ်စဉ်မြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

KKO

## မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင် ဘဏ္ဍာရေးဝန်ကြီးတာဝန် တွဲဖက်ထမ်းဆောင်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃**

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ၎င်းဦးဆောင်သော အစိုးရအဖွဲ့သစ်တွင် ဘဏ္ဍာရေးဝန်ကြီးတာဝန်ကိုပါ တွဲဖက်ထမ်းဆောင်မည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ဒီဇင်ဘာ ၂ ရက်က ၎င်းဦးဆောင်မည့်ညွန့်ပေါင်းအစိုးရအဖွဲ့၏အဖွဲ့ဝင်များစာရင်းကို ကြေညာခဲ့ရာ မျက်နှာသစ်ခေါင်းဆောင်အများအပြား ပါဝင်လာကြောင်း သိရသည်။

အဆိုပါညွန့်ပေါင်းအစိုးရအဖွဲ့သစ်၌ ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ဘဏ္ဍာရေးဝန်ကြီးတာဝန်ကိုလည်း တွဲဖက်ရယူထားသည်။

ဘဏ္ဍာရေးဝန်ကြီး ရာထူးသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ က အန်ဝါအီဘရာဟင်ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဖွဲ့ဝင်ရာထူးဖြစ်သည်။

မလေးရှားနိုင်ငံ ရင်ဆိုင်နေရသည့်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းမှုပြဿနာကို ဖြေရှင်းရန်လိုအပ်နေချိန်တွင် ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ဘဏ္ဍာရေးဝန်ကြီးတာဝန်ကိုပါ တွဲဖက်ရယူခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့် မလေးရှားအထွေထွေရွေးကောက်ပွဲတွင် မည်သည့်အုပ်စုကမျှ ပြတ်သားသည့် ရလဒ်မျိုး မရခဲ့ခြင်းကြောင့် မလေးရှားဘုရင်က အန်ဝါအီဘရာဟင်ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

KKO

## ဇမ်ဘီယာနိုင်ငံက ကာရီဘာရေအိုင်ကြီး ရေမှတ်ကျဆင်းမှုကြောင့် အလှည့်ကျစနစ်ဖြင့် လျှပ်စစ်မီးပေးရန် စီစဉ်

**လူဆာကာ ဒီဇင်ဘာ ၃**

ကာရီဘာရေအိုင်ကြီး၌ ရေမှတ်အကြီးအကျယ် ကျဆင်းခဲ့မှုကြောင့် ဇမ်ဘီယာနိုင်ငံသည် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ပြည်တွင်း၌ အလှည့်ကျစနစ်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကာရီဘာရေအိုင်၌ သိုလှောင်ထားနိုင်သည့်ရေပမာဏမှာ အကြီးအကျယ်ကျဆင်းခဲ့ရာ ဇမ်ဘီယာနိုင်ငံ၏ ကာရီဘာမြောက်ဘက်ကမ်း ရေအားလျှပ်စစ်စက်ရုံနှင့်ဇင်ဘာဘွေနိုင်ငံ၏ ကာရီဘာတောင်ဘက်ကမ်း ရေအားလျှပ်စစ်စက်ရုံတို့အတွက် အသုံးပြုနိုင်မည့် ရေပမာဏမှာ မူလသိုလှောင်အား၏ ၄ ဒသမ ၁ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

ကာရီဘာရေအိုင် ရေမှတ်ကျဆင်းမှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ထိခိုက်သွားနိုင်မည်ဖြစ်ရာ ဒီဇင်ဘာ ၁၅ ရက်မှစ၍ ပြည်တွင်း၌ အလှည့်ကျစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ဇမ်ဘီယာ စွမ်းအင်ဝန်ကြီး ကာပါလာက ပြောကြားခဲ့သည်။

ကာရီဘာရေအိုင်ကြီး၏ ရေမှတ်သည် ဇမ်ဘီယာမြစ်နှင့် မြစ်လက်တက်များမှ ရေစီးဝင်မှုကျဆင်းလာခြင်း၊ဇမ်ဘီယာနှင့်ဇင်ဘာဘွေနိုင်ငံတို့မှလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီများက ရေအိုင်ကြီး၏ ရေအရင်းအမြစ်များအား အလွန်အကျွံသုံးစွဲမှုကြောင့် ကာရီဘာရေအိုင်ကြီး၏ ရေမှတ်အကြီးအကျယ်ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ကာရီဘာရေအိုင် တစ်ဖက်တစ်ချက်ရှိ ရေအားလျှပ်စစ်စက်ရုံများဓာတ်အားထုတ်လုပ်မှု လုံးဝ



မရပ်ဆိုင်းသွားရေးအတွက် ဇင်ဘာဘွေနိုင်ငံဘက်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀ထိသာ အများဆုံးထုတ်လုပ်ရန်နှင့် ဇမ်ဘီယာဘက်ခြမ်း၌ မဂ္ဂါဝပ် ၈၀၀ ထိသာ အများဆုံးထုတ်ရန် ဇမ်ဘီဇီမြစ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ညွှန်ကြားထားသည်။

ဇင်ဘာဘွေနှင့် ဇမ်ဘီယာနိုင်ငံတို့သည် ကာရီဘာရေအိုင်၏ ရေအရင်း အမြစ်များကို ဇမ်ဘီဇီမြစ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့မှတစ်ဆင့် ပူးတွဲထိန်းချုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျပန်လဆင်းယာဉ်တစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည့်အစီအစဉ် Space-X အာကာသနည်းပညာကုမ္ပဏီ ဆိုင်းငံ့ထား



**ဝါရှင်တန် ဒီဇင်ဘာ ၃**

ဂျပန်လဆင်းယာဉ်တစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်မည့်အစီအစဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီက ဆိုင်းငံ့ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် မူလက ဟာကူတို-အာရ်အမည်ရှိ ဂျပန်လဆင်းယာဉ်ကို ဒီဇင်ဘာ ၁ ရက်က ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံအခြေအနေကို ပြန်လည်စစ်ဆေးရေးအတွက် ဟာကူတို-အာရ် လဆင်းယာဉ် လွှတ်တင်ရေးမစ်ရှင်ကို ဆိုင်းငံ့ထားကြောင်း Space-X ကုမ္ပဏီက ဒီဇင်ဘာ ၁ ရက်က သတင်းထုတ်ပြန်ထားသည်။

ဟာကူတို-အာရ် လဆင်းယာဉ်ကို မည်သည့်အချိန်တွင် ထပ်မံလွှတ်တင်ရန် ကြိုးစားမည်ကို Space-X တာဝန်ရှိသူများကထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

Space-X ကုမ္ပဏီသည် ဟာကူတို-အာရ် လဆင်းယာဉ်နှင့်အတူ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏လလေ့လာရေးအာကာသယာဉ်တစ်စင်းကိုပါ လွှတ်တင်ပေးရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် ဟာကူတို-အာရ် လဆင်းယာဉ်သည် လကမ္ဘာဆီသို့ လေးလကြာအချိန်ယူပျံသန်းမည်ဖြစ်ပြီး ရောက်ရှိချိန်တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

KKO


## နာဆာ၏ အိုရီယွန်အာကာသယာဉ်က လပတ်လမ်းမှခွာထွက်မှုကို အပြီးသတ်ပြုလုပ်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁ ရက်က လပတ်လမ်းမှ ခွာထွက်မှုကို အပြီးသတ်ပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁ ရက်က လပတ်လမ်းမှ ခွာထွက်၍ ကမ္ဘာမြေအပြန်ခရီး စတင်ရေးအတွက် ဒုံးကန်အားစနစ်အကူအညီ ရယူခဲ့ကြောင်း နာဆာက ကြေညာချက်ထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အိုရီယွန်အာကာသယာဉ်သည် ၁၀ ရက်ကြာ ကမ္ဘာမြေအပြန်ခရီးကို စတင်နေပြီဖြစ်ကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။



အိုရီယွန်အာကာသယာဉ်သည် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ လေထီးများအကူအညီဖြင့် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်မည်ဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်အရ အိုရီယွန်အာကာသလူသယ်ယာဉ်ကို နိုဝင်ဘာ ၁၆ ရက်က SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အားတီးမစ်-၁ မစ်ရှင်သည် လပေါ်သို့ လူသားများပြန်လည်စေလွှတ်ရေး ရည်မှန်းချက်အတွက် ပထမဆုံးခြေလှမ်းအဖြစ် နာဆာအဖွဲ့က လွှတ်တင်ခဲ့သည့် မစ်ရှင်ဖြစ်ကြောင်း သိရသည်။ KKO

## စနေဂြိုဟ်၏အကြီးဆုံးဂြိုဟ်ရံလဖြစ်သော တိုက်တန်ဂြိုဟ်ရံလပေါ်တွင် ရာသီချိန်ခါအလိုက် ဥတုပြောင်းလဲမှုပုံစံရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၃**

စနေဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သော တိုက်တန်ဂြိုဟ်ရံလပေါ်တွင် ရာသီချိန်ခါအလိုက် ဥတုပြောင်းလဲမှုပုံစံရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် တိုက်တန်ဂြိုဟ်ရံလ မြောက်ယဉ်စွန်းတန်းနယ်မြေရှိ တိမ်တိုက်များကို ရှာဖွေတွေ့ရှိထားကြောင်း နာဆာသိပ္ပံပညာရှင်များက ကြေညာထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် ထောက်လှမ်းတွေ့ရှိခဲ့သည့် အဆိုပါမိုးတိမ်တိုက်များသည် နေရောင်ကြောင့် တိုက်တန်ဂြိုဟ်ရံလ မျက်နှာပြင်ပူနွေးလာချိန် နွေနှောင်းကာလများ၌ မိုးတိမ်များ ပေါ်ထွက်လာတတ်သည်ဟူသော ကွန်ပျူတာစံပြပုံစံမှန်ကန်မှုကို အတည်ပြုပေးနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင်က တိုက်တန်ဂြိုဟ်ရံလ၏ ထူထဲသည့်လေထုလွှာကြောင့် ၎င်းဂြိုဟ်ရံလ၏ မိုးတိမ်တိုက်များကို ရှာဖွေတွေ့ရှိနိုင်စွမ်းမရှိခဲ့ပေ။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်၏ အနီအောက်ရောင်ခြည်လှိုင်း အာရုံခံနိုင်မှုစွမ်းရည်ကြောင့် တိုက်တန်ဂြိုဟ်ရံလ၏ တိမ်တိုက်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်၏ တွေ့ရှိချက်အရ တိုက်တန်ဂြိုဟ်ရံလကို ရာသီအချိန်အခါအလိုက် ဥတုပြောင်းလဲမှုပုံစံရှိသည့် နေအဖွဲ့အစည်း၏ တစ်ခုတည်းသော ဂြိုဟ်ရံလအဖြစ် သတ်မှတ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## ကင်ဆာဆဲလ်များ၏အပူချိန်ကို လျှော့ချပေးခြင်းဖြင့် လူနာ၏ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၃**

ဦးနှောက်ကင်ဆာဆဲလ်များ၏ အပူရှိန်ကို လျှော့ချပေးခြင်းဖြင့် လူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း ကင်ဆာဆဲလ်များ၏ အပူချိန်ကိုလျှော့ချ၍ ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၎င်းတို့၏လက်တွေ့စမ်းသပ်မှုတွင် ဂလီယိုဘလပ်စတိုးမား (Glioblastoma) ခေါ် ဦးနှောက်ကင်ဆာတစ်မျိုးမှကင်ဆာဆဲလ်များကို အသုံးပြုခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အဆိုပါ ကင်ဆာဆဲလ်များ၏အပူချိန်ကို ၂၀ ဒီဂရီဆဲလ်စီးယပ်စ်လျှော့ချပေးပါက ၎င်းကင်ဆာဆဲလ်များ ကြီးထွားမှု ရပ်သွားတတ်သည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ကြွက်များ၏ ကင်ဆာဆဲလ်များကို ၂၀ ဒီဂရီဆဲလ်စီးယပ်စ်ထိ လျှော့ချပေးလိုက်ချိန်တွင် ကင်ဆာဆဲလ်ကြီးထွားမှု ရပ်တန့်သွားပြီး လူသားကင်ဆာဆဲလ်များမှာမူ ၂၅ ဒီဂရီဆဲလ်စီးယပ်စ်ထိ လျှော့ချပေးပါက ကြီးထွားမှုရပ်တန့်သွားကြောင်း သိရသည်။

သို့ဖြစ်ရာ ကင်ဆာဆဲလ်များ၏ အပူချိန်ကို လျှော့ချမှုနည်းလမ်းသည် ကင်ဆာရောဂါလူနာများ၏ သက်တမ်းကို ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

KKO

## အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားနေမှုရှိမရှိကို ဆီးစစ်နည်းပုံစံတစ်မျိုးဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိ

**ပေကျင်း ဒီဇင်ဘာ ၃**

လူတစ်ဦးတွင် အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားနေမှု ရှိ၊ မရှိကို အနာဂတ်တစ်ချိန်ချိန်တွင် ဆီးစစ်နည်းပုံစံတစ်မျိုးဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းကျားတောင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဆီးအတွင်း Formic Acid ခေါ် အက်စစ်တစ်မျိုးပါဝင်မှုအဆင့်ကို စစ်ဆေးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါ ရှိ၊ မရှိကို ဖော်ထုတ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၆၀၀ ခန့်တို့၏ ဆီးအတွင်း Formic Acid ပါဝင်မှုအဆင့်ကိုလေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဆီးအတွင်း Formic Acid ပါဝင်မှုအဆင့် ပုံမှန်ထက်လွန်ကဲမှုသည် အယ်လ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာများ ဖြစ်နိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

အယ်လ်ဇိုင်းမားရောဂါ သို့မဟုတ် တွေးတောဆင်ခြင်စွမ်း ထိခိုက်မှုပြဿနာရှိနေသူများသည် ဦးနှောက်ကျန်းမာရေးပုံမှန်ရှိသူများနှင့် နှိုင်းယှဉ်ပါက ဆီးအတွင်း Formic Acid ပါဝင်မှုအဆင့် ပို၍မြင့်မားနေသည်ဟု တရုတ်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိ အယ်လ်ဇိုင်းမားရောဂါကို စစ်ဆေးရာတွင် ဦးနှောက်ဓာတ်မှန်ရိုက်ခြင်း၊ ကျောရိုးရည်ကြည်ရယူစစ်ထားခြင်း စသည့်နည်းလမ်းများ အသုံးပြုနေရကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# MMA လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို ရုရှားနိုင်ငံသား မာလီခင် ဆွတ်ခူး




**ဝင်ကာပူ ဒီဇင်ဘာ ၃**

ONE Championship က ကြီးမှူးကျင်းပသည့် ONE 164 ပြိုင်ပွဲတွင် MMA လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ နယ်သာလန်နိုင်ငံသား ဒီရိုင်ဒါနှင့် စိန်ခေါ်သူ ရုရှားနိုင်ငံသား မာလီခင်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မာလီခင်က ပထမအချီတွင်အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံခါးပတ် ဆွတ်ခူးခဲ့ကြောင်း ONE Championship.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နယ်သာလန်နိုင်ငံသား ဒီရိုင်ဒါသည် MMA မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်နှင့် MMA လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်တို့ကို အောင်လအန်ဆန်အားအနိုင်ရရှိပြီး ပိုင်ဆိုင်ထားသူဖြစ်ကာ MMA လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် MMA ဟဲဗီးဝိတ်တန်းချန်ပီယံ မာလီခင်ကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဒီရိုင်ဒါ၏ စိန်ခေါ်မှုကြောင့် မာလီခင်က ဝိတ်တန်းချပြီး MMA လိုက်ဟဲဗီးဝိတ်တန်းကို လာရောက်ထိုးသတ်ခဲ့ခြင်း ဖြစ်သော်လည်း ဒီရိုင်ဒါကို လက်ရည်အသာစီးဖြင့် ထိုးသတ်နိုင်ခဲ့ကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်ဦးစလုံးအပြန်အလှန်ထိုးချက်များဖြင့် အကြိတ်အနယ်ရှိခဲ့ရာ ချုပ်ကွက်အသုံးပြုပြီး ပြိုင်ဘက်ကို အနိုင်ယူလေ့ရှိသည့် ဒီရိုင်ဒါက ချုပ်ကွက်ဖြင့် အနိုင်ယူရန်ကြိုးပမ်းခဲ့သော်လည်း မာလီခင်က အကောင်းဆုံးရှောင်ထွက်ပြီး အားပါသည့်ထိုးချက်များဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

ထို့နောက် ပွဲချိန်ကြာလာသည်နှင့် မာလီခင်က ပြန်လည်အသာစီးရရှိခဲ့ပြီး ပထမအချီပြီးဆုံးခါနီးစက္ကန့်ပိုင်းအလိုတွင် မာလီခင်၏ အားပါသည့် လက်သီးထိုးချက်ကြောင့် ဒီရိုင်ဒါလဲကျခဲ့ရာ မာလီခင်က ဆက်တိုက်ဖိအားပေး ထိုးသတ်ခဲ့သောကြောင့် ဒီရိုင်ဒါ ကာကွယ်နိုင်ခြင်းမရှိသည့်အတွက် ဒိုင်လူကြီးက ဒိုင်ပွဲရပ်ဖြင့် မာလီခင်ကို အနိုင်ပေးခဲ့ကြောင်း သိရသည်။ STA

# Hero World Challengeပြိုင်ပွဲ အမှတ်ပေးဇယားကို ဗစ်တာဟိုဗ်လန်း ဦးဆောင်

**နာဆော ဒီဇင်ဘာ ၃**

ဘဟားမားစ်နိုင်ငံတွင် ကျင်းပနေသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် နော်ဝေဂေါက်သီးရိုက်ကစားသမား ဗစ်တာဟိုဗ်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာအမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း RFI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကင်မရွန်းယန်း၊ ရှောင်ဖီလီ၊ ရှက်ဖလာ၊ မိုရီကာဝါတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဗစ်တာဟိုဗ်လန်းက "ဒီပြိုင်ပွဲဟာ ကမ္ဘာ့အဆင့် ကစားသမားတွေကို ဖိတ်ခေါ်တဲ့ ပြိုင်ပွဲဖြစ်တာကြောင့် အကြိတ်အနယ်ကစားရတယ်။ ရာသီဥတုအခြေအနေကလဲ တခြားနိုင်ငံတွေနဲ့မတူပါဘူး။ ပထမနေ့နဲ့ ဒုတိယနေ့မှာ လေတိုက်နှုန်းမြင့်မားတဲ့အတွက် ကစားရတာ တော်တော်လေးကို ခက်ခဲပါတယ်။ ကွင်းပြင်အနေအထားကလဲ တခြားကွင်းတွေလိုမဟုတ်ဘူး။ ဂေါက်သီးလိမ့်တာပိုပြီးတော့ မြန်စေတယ်။ အယူအဆပိုင်းနဲ့ ခွန်အားသုံးရမဲ့အပိုင်းမှာတော်တော်လေးကိုအချိန်အဆမှန်ကန်ဖို့လိုတယ်။ လေတိုက်နှုန်းမြင့်မားတဲ့အတွက် Swing ရိုက်ချက်ပိုင်းမှာ အယူအဆပိုင်း ခက်ခဲပေမဲ့လဲ ကျင်းစိမ်တဲ့အပိုင်းမှာတော့ ပိုပြီးတော့ လွယ်ကူပါတယ်။ ရာသီဥတုပေါ်မူတည်ပြီး နည်းစနစ်ပိုင်းတွေ အကောင်းဆုံးပြောင်းလဲနိုင်ဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့် ကစားသမားများကိုသာ သီးသန့်ဖိတ်ခေါ်၍ ကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်နှင့် အညီအကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး လက်ရှိချန်ပီယံ ဗစ်တာဟိုဗ်လန်းက အကောင်းဆုံးလက်စွမ်းပြကာ အမှတ်ပေးဇယား၌ ဦးဆောင်ထားနိုင်သည်။

ဘဟားမားစ် နိုင်ငံသည် ရာသီဥတုအပြောင်းအလဲမြန်သည့် မိုးလေဝသမျိုးဖြစ်ပေါ်သည့် နိုင်ငံဖြစ်သည့်အတွက် ကစားရခက်ခဲခြင်းကြောင့်လည်း ပြိုင်ပွဲဝင်များအနေဖြင့် ရလဒ်ကောင်းရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

AZL



# မိုးဖွားပြီးပါက တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း အိန်ဂျယ်လီခါဘာ ပြောကြား

**ဘာလင် ဒီဇင်ဘာ ၃**

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း တစ်ဦးဖြစ်သည့် ဂျာမနီတင်းနစ်မယ်အိန်ဂျယ်လီခါဘာသည် ပြီးခဲ့သောဩဂုတ်လက ကိုယ်ဝန်ဆောင်နေပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့ပြီးနောက် တင်းနစ်လောကမှ ခေတ္တအနားယူခဲ့ရသည်။

၂၀၂၃ ခုနှစ် အစောပိုင်းတွင် မီးဖွားမည်ဖြစ်ပြီး မီးဖွားပြီးပါက ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ကာ အဆင်သင့်ဖြစ်ပါက တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်ဟု Tennis World USA က ယနေ့တွင် ဖော်ပြခဲ့သည်။

အိန်ဂျယ်လီခါဘာ အနေဖြင့် ကိုယ်ဝန်ဆောင်ပြီးနောက် တင်းနစ်လောကမှ အပြီးတိုင်အနားယူဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်လာခဲ့သည့်အတွက် အနာဂတ်အစီစဉ်များကို လူသိရှင်ကြား ပြန်လည် ဖြေရှင်းလာခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ အိန်ဂျယ်လီခါဘာက "ပုဂ္ဂိုလ်ရေးကိစ္စတွေကြောင့် တင်းနစ်လောကကိုခေတ္တခဏခွဲခွာပြီး တင်းနစ်လောကထဲ ပြန်လည် ဝင်ရောက်လာချိန်မှာ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ခဲ့တဲ့ တင်းနစ်မယ် တချို့နဲ့ စကားပြောဖြစ်ပါတယ်။ သူတို့နဲ့ စကားပြောရတာ စိတ်ဓာတ်ခွန်အားရစေတယ်။ ကျွန်မအနေနဲ့လဲ သူတို့လိုပဲ လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ မီးဖွားပြီးတာနဲ့ အချိန်တစ်ခုရောက်ရင် ပြင်ဆင်လေ့ကျင့်မှုတွေပြန်လုပ်သွားမယ်။ အဓိကကတော့ ကြံ့ခိုင်မှုကောင်းအောင် ပြန်ကြိုးစားမယ်။ ကြံ့ခိုင်မှုပြည့်ဝတာနဲ့ တင်းနစ်လောကထဲကို ချက်ချင်းပြန်ဝင်လာခဲ့မယ်။ လောလောဆယ်တော့ ကိုယ်ဝန်ကိုပဲ စောင့်ရှောက်မယ်။ လက်ရှိဘဝမှာ ကျေနပ်အောင်နေမယ်။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင်တော့ ကျွန်မအနေနဲ့ တင်းနစ်လောကကို တကယ်လွမ်းမိတယ်။ တင်းနစ်အားကစားကို ချစ်မြတ်နိုးတဲ့အတွက် တင်းနစ်အားကစားနဲ့ ဝေးကွာနေရတဲ့ ကာလကိုသဘောမကျဘူး။ ဒါပေမဲ့လဲ ကိုယ့်ရဲ့ရင်သွေးလေးကြောင့် စိတ်ဓာတ်ခွန်အားဖြစ်စေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းက ကမ္ဘာ့ဖလားတွင် မော်ရိုကိုအသင်းနှင့်အတူ ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား အမ်မရာဘက်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမည်မဟုတ်ကြောင်း ပီအက်စ်ဂျီအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။
- ဂါနာအသင်းအနေဖြင့် ဥရုဂွေးအသင်းကို ရှုံးနိမ့်၍ ကမ္ဘာ့ဖလားမှထွက်ခွာခဲ့ရပြီးနောက် နည်းပြအော်တိုအက်ဒိုအနေဖြင့် ရာထူးမှနုတ်ထွက်ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

**ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်**

နယ်သာလန် ၃ - ၁ အမေရိကန် (ဝ၄ဝ)

# ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွင် ဘရာဇီးကိုအနိုင်ရခဲ့သည့် ပထမဆုံးအာဖရိကအသင်းအဖြစ် ကင်မရွန်းအသင်းမှတ်တမ်းဝင်

**ရဒ္ဒန့်ဒ် ဒီဇင်ဘာ ၃**

ကမ္ဘာ့ဖလားအုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ကင်မရွန်းအသင်းနှင့် ဘရာဇီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ကင်မရွန်းအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များတွင် ဘရာဇီးအသင်းကို အနိုင်ရခဲ့သည့် ပထမဆုံး အာဖရိကအသင်းဖြစ်လာခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွန်းအသင်းသည် အုပ်စု (G) တွင် ဆားဘီးယား၊ ဆွစ်ဇာလန်၊ ဘရာဇီးအသင်းတို့နှင့်အတူ ကျရောက်ခဲ့ပြီး ဆွစ်ဇာလန်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဆားဘီးယားအသင်းကို သုံးဂိုးစီ သရေကစားနိုင်ခဲ့သကဲ့သို့ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဘရာဇီးအသင်းကို နောက်ကျသွင်းဂိုးဖြင့် အနိုင်ရခဲ့သော်လည်း အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည်။

သို့သော် ကင်မရွန်းအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်တွင် နှစ်ပေါင်း ၂၄ နှစ်အတွင်း ရှုံးပွဲမရှိသေးသည့် ဘရာဇီးအသင်း၏ စံချိန်ကို ရပ်တန့်နိုင်ခဲ့သည့်အပြင် အာဖရိကအသင်းများထဲမှ ဘရာဇီးအသင်းကို ပထမဆုံးအနိုင်ရခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အုပ်စု (G) ပွဲစဉ်အပြီးတွင် ဘရာဇီးအသင်းက ရမှတ် ခြောက်မှတ်ဖြင့် ပထမ၊ ဆားဘီးယားကို အနိုင်ရခဲ့သည့် ဆွစ်ဇာလန်အသင်းက ရမှတ်ခြောက်မှတ် ဂိုးကွာခြားချက်ဖြင့် ဒုတိယ၊ ဘရာဇီးအသင်းကို အနိုင်ရခဲ့သည့် ကင်မရွန်းအသင်းအနေဖြင့် ရမှတ် လေးမှတ်သာရရှိခဲ့သဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသော်လည်း တိုက်စစ်မှူးအဘူဘာကာ၏နောက်ကျသွင်းဂိုးကြောင့် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။ ML



# ကမ္ဘာ့ဖလားသမိုင်းတွင် တောင်ကိုရီးယားအသင်း အုပ်စုအဆင့်မှ တတိယအကြိမ် တက်ရောက်



**ဆိုးလ် ဒီဇင်ဘာ ၃**

ကမ္ဘာ့ဖလားအုပ်စု(H) နောက်ဆုံးပွဲစဉ်တွင် ပေါ်တူဂီအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ တွေ့ဆုံခဲ့ရာ တောင်ကိုရီးယားအသင်းက ပေါ်တူဂီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် (၁၆) သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် တတိယအကြိမ်မြောက်အုပ်စုအဆင့်မှ တက်ရောက်နိုင်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အုပ်စု (H) နောက်ဆုံးပွဲစဉ်တွင် အခြားတစ်ဖက်မှ ဥရုဂွေးအသင်းက ဂါနာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရနေသောကြောင့် ပေါ်တူဂီအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေသည့် တောင်ကိုရီးယားအသင်းသည် အနိုင်ရရှိပါက နောက်တစ်ဆင့်သို့ တက်ရောက်ရန် အခွင့်အရေးရှိနေသဖြင့် တိုက်စစ်မြှင့်တင်ကစားခဲ့ရာ နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် တိုက်စစ်မှူး ဆွန်ဟောင်မင်၏ ဖန်တီးပေးမှုကို လူစားဝင်ကစားသမား ဟွမ်ဟီချန်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး (၁၆) သင်း အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ထို့ကြောင့် တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် ဝင်ခွင့် ၁၁ ကြိမ်ရရှိခဲ့ရာ ဂျပန်နှင့်အိမ်ရှင်အဖြစ်ပူးတွဲကျင်းပခဲ့သည့် ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားတွင်တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ် အာဖရိကဖလားတွင်တစ်ကြိမ်၊ ယခုနှစ်ကမ္ဘာ့ဖလားတွင်တစ်ကြိမ် အုပ်စုအဆင့်မှ သုံးကြိမ်တက်ရောက်နိုင်ခဲ့သည်။

အုပ်စု (H) ပွဲစဉ်များအပြီးတွင် ပေါ်တူဂီအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုပထမ၊ တောင်ကိုရီးယားက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ဒုတိယ၊ ဥရုဂွေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ဂိုးကွာခြားချက်ဖြင့် တတိယ၊ ဂါနာအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုနောက်ဆုံးတွင် ရပ်တည်ခဲ့ပြီး ရှုံးထွက်အဆင့်တွင် ပေါ်တူဂီအသင်းက ဆွစ်ဇာလန်အသင်းနှင့် တွေ့ဆုံနေသကဲ့သို့ တောင်ကိုရီးယားအသင်းက ဘရာဇီးအသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။ML

# ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမား အက်ပီလီကျူတာကို ခေါ်ယူရန် ကြိုးပမ်း

**မက်ဒရစ် ဒီဇင်ဘာ ၃**

ရီးရဲလ်မက်ဒရစ်အသင်းသည် ညာတောင်ပံခံစစ်ပိုင်းလိုအပ်ချက်အတွက် ချဲလ်ဆီးအသင်းခံစစ်ကစားသမား အက်ပီလီကျူတာကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ညာတောင်ပံခံစစ်ပိုင်းတွင် အိုဒရီအိုဇာလာရှိနေသော်လည်း ၎င်းအနေဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသောကြောင့် ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ချဲလ်ဆီးအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အသက် ၃၃ နှစ်ရှိ အက်ပီလီကျူတာကို ခေါ်ယူရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက ဒုတိယရာသီဝက်ကာလတွင် အတွေ့အကြုံရှိသည့် ဝါရင့်ခံစစ်ကစားသမားတစ်ဦးကိုသာ ခေါ်ယူမည်ဖြစ်ပြီး အက်ပီလီကျူတာသည် ခံစစ်ပိုင်းတွင် ဗဟိုခံစစ်သာမက ဘယ်တောင်ပံနှင့် ညာတောင်ပံခံစစ်တို့တွင်လည်း ပါဝင်ကစားနိုင်သည့်အပြင် ဥရောပပြိုင်ပွဲများတွင် အတွေ့အကြုံကောင်းများရှိသည့်အတွက် နည်းပြ၏လိုအပ်ချက်နှင့် ကိုက်ညီနေသည့် ၎င်းကို အသင်းဥက္ကဋ္ဌ ပီးရက်ဇ်က ခေါ်ယူနိုင်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အက်ပီလီကျူတာသည် ချဲလ်ဆီးအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် အသက်အရွယ်အရ အကျပိုင်းရောက်လာသည့် ၎င်းကိုရောင်းချရန်ဆုံးဖြတ်ထားသဖြင့် ပြောင်းရွှေ့ကြေးယူရှိ ခြောက်သန်းသာရှိသည့် အက်ပီလီကျူတာကို ကာလတိုရင်းနှီးမှုပြုလုပ်၍ အသင်းခံစစ်ပိုင်းကို ဖြည့်တင်းသွားရန် ရီးရဲလ်မက်ဒရစ်အသင်းက ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

ML

# ဗြိတိန်လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဂျိုရှ်ကယ်လီ ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၃**

ဗြိတိန် လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲအဖြစ် ဗြိတိန်လက်ဝှေ့သမားများ ဖြစ်ကြသော ဂျိုရှ်ကယ်လီနှင့် ဝီလျံဆမ်တို့ ယနေ့အစောပိုင်းတွင် အင်္ဂလန်နိုင်ငံ နယူးကာဆယ်မြို့ရှိ ဗာတူမော်တာအရီနာအားကစားကွင်း၌ ထိုးသတ်ခဲ့ရာ ဂျိုရှ်ကယ်လီက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ဗြိတိန်လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Ring TV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝီလျံဆမ်နှင့် ဂျိုရှ်ကယ်လီတို့သည် အင်္ဂလန်အရှေ့မြောက်ဘက်ပိုင်းဒေသများမှ မွေးဖွားလာခဲ့ကြသည့် လက်ဝှေ့သမားများဖြစ်ကြပြီး ဂျိုရှ်ကယ်လီအနေဖြင့် ဂျူနီယာတစ်ဦးဖြစ်သော်လည်း ဝါရင့်လက်ဝှေ့သမား ဝီလျံဆမ်ကို အကောင်းဆုံးဖိအားပေး ထိုးသတ်နိုင်ခဲ့သည်။

ဂျိုရှ်ကယ်လီက "ဗြိတိန်လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုဟာ ကျွန်တော်တို့ ဗြိတိန်လက်ဝှေ့သမားတွေအတွက် အရမ်းကိုအရေးပါတဲ့ ချန်ပီယံဆုဖြစ်ပါတယ်။ ဝီလျံဆမ်ဟာ ကျွန်တော့်ထက် အတွေ့အကြုံရှိတဲ့ လက်ဝှေ့သမားဖြစ်တဲ့အတွက် ထိုးသတ်ရတာ အရမ်းခက်ခဲခဲ့ပါတယ်။ ဝီလျံဆမ်ရဲ့ Jab ထိုးချက်တွေဟာ အားပါပြင်းထန်တယ်။ သူ့ရဲ့ထိုးချက်တွေကို ခုခံရတာမလွယ်ကူပါဘူး။ ဝီလျံဆမ်ကလဲ ချန်ပီယံဆုအတွက် ကျွန်တော့်ကို အနိုင်ထိုးသတ်ဖို့ အကောင်းဆုံး ပြင်ဆင်လာတာတွေ့ရတယ်။ ပြိုင်ဘက်ကောင်းတစ်ယောက်ကို အကောင်းဆုံးပုံစံနဲ့ အနိုင်ရခဲ့ပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။



အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ် (၁) ဒိုင်က (၁၁၈-၁၁၀) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂) ဒိုင်က (၁၁၉ -၁၀၉) မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃) ဒိုင်က (၁၁၉-၁၁၁)ရမှတ်ဖြင့်လည်းကောင်း ဂျိုရှ်ကယ်လီကိုအနိုင်ပေးခဲ့ကြောင်း သိရသည်။ AZL

# ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ လက်ကျန်ပွဲစဉ်အားလုံးကို ဘရာဇီးတိုက်စစ်မှူး ဂျီးဆပ်လွဲချော်မည်

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၃**

ဘရာဇီးအသင်း တိုက်စစ်ကစားသမားဂျီးဆပ်သည် လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် လက်ရှိ ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်အားလုံးကို လွဲချော်မည်ဟု ဘရာဇီးအသင်းက အတည်ပြုကြေညာခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့်ဂျီးဆပ်သည်၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ နည်းပြတိုက်၏ အပြီးသတ်ကစားသမားစာရင်းတွင်ပါဝင်လာခဲ့ပြီး ပြီးခဲ့သည့် ကင်မရွန်းအသင်းကို ဘရာဇီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပါဝင်လာခဲ့သော်လည်း အဆိုပါပွဲစဉ်အပြီး လေ့ကျင့်ခန်းအစီအစဉ်၌ ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းက ဂျီးဆပ်၏ ဒူးဒဏ်ရာကို အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ရက်သတ္တလေးပတ်ခန့်ထိ အနားယူရဖွယ်ရှိနေသည့် အခြေအနေကြောင့် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်ကျန်ပွဲစဉ်များအားလုံးကို လွဲချော်မည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းတွင် ဂျီးဆပ်မတိုင်မီကလည်း နေမာအနေဖြင့် အုပ်စုအဖွင့်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့်အတွက် အနားယူနေခဲ့ရပြီး ၎င်းအနေဖြင့်လည်း ဒဏ်ရာမှသက်သာခြင်း မရှိသေးသည့်အတွက် လက်ကျန်ပွဲစဉ်များအားလုံး လွဲချော်ရဖွယ်ရှိနေသကဲ့သို့ ယခုအခါ ဂျီးဆပ်မှာလည်း ဒဏ်ရာထပ်မံရရှိခဲ့ခြင်း ဖြစ်သောကြောင့် ဘရာဇီးအသင်း တိုက်စစ်ပိုင်းအတွက် နစ်နာခဲ့ရကြောင်း သိရသည်။

STA



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီဖလား ပြည်နယ်နှင့် တိုင်းဒေသကြီးအသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အစည်းအဝေးတွင် အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)ဦးခွန်ကျာအောင်က ပြိုင်ပွဲနှင့်ပတ်သက်သည့် အထွေထွေအချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် အုပ်စုမဲနှိုက်ခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖလား ပြည်နယ်နှင့်တိုင်းဒေသကြီးအသက် ၁၈ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် (၃) တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂သင်း၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် ကစားသမားများ အပါအဝင် စုစုပေါင်း ၂၇၈ ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၅ သိန်း၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်းနှင့် အကောင်းဆုံး ကစားသမားဆုအတွက် ငွေကျပ် သုံးသိန်းအသီးသီးချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses International Day of Persons with Disabilities 2022



Vice-Senior General Soe Win delivers address at the International Day of Persons with Disabilities 2022.

**Nay Pyi Taw December 3**

International Day of Persons with Disabilities 2022 was observed at Myanmar International Convention Centre 2 here this morning, addressed by Chairman of National Committee on Rights of Persons with Disabilities Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were SAC members, Union ministers, the Nay Pyi Taw Command commander, deputy ministers, permanent secretaries, directors general, NGOs, INGOs, officials of Myanmar Federation of Persons with Disabilities, persons with disabilities, guests and officials.

The Vice-Senior General said UN is sponsoring the International Day of Persons with Disabilities on 3 December every year to raise awareness of the situation of persons with disabilities, and to promote the rights and well-being of persons with disabilities at every level of society and development. Myanmar has been observing the Day since 1994, and the present one is the 29th event.

The UN has adopted the theme "**Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world**" for this year.

Innovative and technical solutions will be taken to overcome other difficulties and challenges. In this regards their accessibility and usability will be promoted. The 2006 UN Convention on Rights of Persons with Disabilities acknowledges the use of technical aids as the right of Persons with Disabilities.

Myanmar signed the Convention on 7 December 2011. Myanmar is also implementing the Inchon Strategy (2012-2033) to "Make the Right Real" for Persons with Disabilities in Asia and Pacific Region and the ASEAN Enabling Master Plan (2025).

Under the Inchon Strategy, the initial project to register the persons with disabilities is underway in four zones – Pobbathiri Township, Nay Pyi Taw Council Area, Hlaingthaya Township in Yangon Region, Hpa-an Township, Kayin State, and Hopong Township, Pa'O Self-Administered Zone, Shan State (South). The project will be extended till covering the entire nation.

According to ASEAN Enabling Master Plan (2025), the five-year (2022-2017) Strategic Plan on Rights of Persons with Disabilities has been adopted. The relevant ministries will adopt and implement work programs for the success of the strategic plan. The work programs will take into account a Barrier Free Environment and Accessibility for the involvement of persons with disabilities in the human society.

The SAC reconstituted the National Committee on the Rights of Persons with Disabilities on 30 September 2021 and is placing emphasis on ensuring that the disabled people participate in the society by training them to have skills in education, health, vocation and other sectors.

The State raised a capital fund of K3 billion for those with disabilities. The increasing fund should be spent on the welfare of the disabled people such as thier education, health and social affairs.



Vice-Senior General Soe Win presents award to a prize-winner.

In accord with this year's theme: "**Transformative solutions for inclusive development: the role of innovation in fueling an accessible and equitable world,**" measures need to be taken for the development of lives of the disabled and an equitable world for them by seeking transformative solutions such as innovation and technology.

In accordance with the rights of persons with disabilities law, it is necessary to make sure the disabled people are not sidelined in political, economic, social, education, health, cultural and *See Page 13*



Vice-Senior General Soe Win hears report on technical aids.



Vice-Senior General Soe Win views documentary photos.

# 48% of Yagon-Dala river-crossing bridge project completed



An aerial view of Yangon-Dala bridge project site.

**Yangon December 3**

The Yagon-Dala river-crossing bridge project in Yangon Region has completed by 48%, according to sources from the Bridge Department under the Ministry of Construction.

The four-lane bridge with 1,868 metres in length and 26.5 metres in width is being built with bole pile reinforced concrete foundations and steel beams.

It can withstand 75 tons of loads and is one of the longest bridges in Myanmar. Yangon-Dala bridge will also be flanked by a two-lane bridge leading to Pongyi Street, a one-lane bridge leading to Sule Pagoda Road and a one-lane bridge leading to Strand Road on the Yangon side.

The bridge project is being implemented with the Korea's Economic Development Cooperation Fund-EDCF and State funds of Myanmar totalling US$188.174 million. It started in January 2018 and was delayed due to the Covid-19 pandemic.

In December 2020, 27 of 46 bole piles were laid with concrete. Starting from 9 April 2022, the work gained speed again and the 48% of the project has been completed.

The project is running with up to 650 workers and quality control measures are being taken to ensure international standards.

Upon completion, the bridge will span Yangon downtown areas and Dala Townships thereby easily connecting Yangon and Ayeyawady regions. 336

# Four border trade camps earn more than US$2,100 million of trade surplus till 18 November

**Nay Pyi Taw December 3**

The Ministry of Commerce stated that four border trade camps of Myanmar earned more than US$2,100 million of trade surplus up to 18 November 2022 of the 2022-23 fiscal year.

Myanmar operates border trade camps at the border sharing with China, Thailand, Bangladesh, India and Laos. In this regard, five border trade camps are opened at Myanmar-China border, seven at Myanmar-Thai border, two at Myanmar-Bangladesh border, two at Myanmar-India border and one at Myanmar-Laos border.

During the period from 1 April to 18 November 2022, these border trade camps earned trade surplus.

The camps along Myanmar-China border earned US$11,056.585 million of trade surplus between US$2,193.810 million worth of export volume and US$259.634 million of import volume, totalling US$1,575.853 million.

The camps at Myanmar-Thai border exported US$2,177.944 million worth of products and imported US$1,061.842 million worth of goods, totalling US$3,239.786 million with US$1,116.824 million of trade surplus.

During the period, Meisei border trade camp at Myanmar-Thai border did nothing for trading.

The camps along Myanmar-Thai border managed export of US$18.333 million and import of US$0.092 million, totalling US$18.424 million with US$18.241 million of trade surplus.

Likewise, Myanmar-India border's camps handled export of US$6.511 million and US$4.369 million of import, totalling US$10.880 million, with US$2.142 million of trade surplus.

During the period, camps from four border trade regions earned US$2,193.792 million of trade surplus. But Kenglek border trade camp did not operate border trade with Laos. 336

# Plans to strengthen dykes preventing seawater in cyclone Nargis

**Pyapon December 3**

The Ministry of Agriculture, Livestock and Irrigation on 30 November stated that arrangements are being made to carry out maintenance of the dykes preventing seawater for having the strengthened types due to damage in the cyclone Nargis in Pyapoin District of Ayeyawady Region.

Flooding harmed local residences and farmlands in the region.

Hence, the Irrigation and Water Utilization Management Department built the dykes to prevent inflow of seawater into the residences and farmlands.

Some dykes were damaged by cyclone Nargis. As such, these damaged dykes will be repaired to have strengthened types in 2022-23 fiscal year.

At present, tender was extended to local businesspersons to purchase diesel (HSD) to be used in construction projects of repairing the damaged dykes.

Tender proposals can be bought at the office of the No 9 construction task force of the department at 81/2th-mile on Pyay Road in Yangon as of 29 November to 9 December.

The proposals must be submitted, not later than 4 pm on 12 December and tender will be opened at the Irrigation Villa in Pyapon of Ayeyawady Region on 1 pm on 13 December.

For further information, dial 01-664767 and 01-664513.

Six dams, 64 embankments and 209 sluice gates have been built in Ayeyawady Region. Among them, 15 seawater prevented dykes, 22 island embankments and 19 small ones were built for prevention of flooding at eight important dams and residences as well as farmlands. 336

*From Page 12*

public affairs and societies of other fields and they are allowed to participate in them.

Next, Deputy Chairperson of the national committee Union Minister Dr Thet Thet Khaing explained measures for the rights of persons with disabilities.

Then, the video message sent by the UN Secretary General and the commemorative video message were shown.

Afterwards, the Vice-Senior General presented awards to the winners of the commemorative open article contest.

SAC members General Mya Tun Oo and Admiral Tin Aung San presented prizes to winners of the barrier-free tourism for people with disabilities and Myanmar Paralympic Sports Federation that won medals and ranked sixth in the 11th ASEAN Para Games 2022, and Union Minister Dr Thet Thet Khaing to the winner of the contest of creating jobs for the disabled.

Later, the Vice-Senior General had a documentary photo taken with those in attendance and viewed the books and photos on activities related to the people with disabilities.

100

# US Air Force unveils new B-21 Raider nuclear stealth bomber

**Washington December 3**

The US Air Force has unveiled its newest nuclear stealth bomber, the B-21, which will gradually replace aircraft first flown in the Cold War.

The first new bomber in 30 years could cost nearly $700m (£569m) each and can carry nuclear and conventional weapons.

As expected, specific details of the aircraft remain shrouded in secrecy.

But US Defence Secretary Lloyd Austin said it was "a testament to America's enduring advantages in ingenuity and innovation".

The B-21 Raider was unveiled during a ceremony on Friday at manufacturer Northrop Grumman's facility in California.

Mr Austin said the plane would offer significant advances over existing bombers in the US fleet, stating that "even the most sophisticated air defence systems will struggle to detect the B-21 in the sky".

"Fifty years of advances in low-observable technology have gone into this aircraft," he said.

He added that the plane was also built with an "open system architecture," which allows for the incorporation of "new weapons that haven't even been invented yet".

While the potential for an uncrewed flight was not mentioned during the ceremony, a US Air Force spokeswoman said the aircraft was "provisioned for the possibility, but there has been no decision to fly without a crew".

The first flight by a B-21 is expected to take place next year.

It will eventually replace the B-1 and B-2 models and the fleet is estimated to cost $203bn (£165bn) to develop, buy and operate over 30 years, according to Bloomberg.

BBC



The B-21 Raider is a new high-tech stealth bomber developed for the US Air Force.

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ယူကရိန်းအတွက် Patriot ဒုံးကျည်များပေးပို့သွားနိုင်ရန် အမေရိကန်ဆွေးနွေးနေ



ယူကရိန်းနိုင်ငံက ဈေးကြီးသော လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကို ပြတ်သားစွာတောင်းဆိုခဲ့ပြီးနောက် သီတင်းပတ်များအကြာတွင် ယူကရိန်းစစ်ဘက်အတွက် Patriot မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များပေးပို့သွားနိုင်ရန် အမေရိကန်အစိုးရက ဆွေးနွေးနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အမည်မဖော်လိုသူ ပင်တဂွန်စစ်ဌာနချုပ် အကြီးတန်းအရာရှိတစ်ဦးကို အမေရိကန်အနေဖြင့် Patriot လက်နက်စနစ်များကို ယူကရိန်းသို့ ပို့ဆောင်ပေးမည့်အစီအစဉ် ရှိ၊ မရှိ မေးမြန်းခဲ့ရာ "ပေးဖို့၊ မပေးဖို့ဆိုတာ ဆွေးနွေးနေတုန်းပဲ ရှိပါသေးတယ်"ဟု ဖြေကြားခဲ့သည်။

Patriot ဒုံးခွင်းဒုံးများပါဝင်ခြင်း ရှိ၊ မရှိကို ဖိအားပေးပြီး ထပ်မံမေးမြန်းခဲ့ရာ အဆိုပါလက်နက်သည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အုပ်ချုပ်ရေးအဖွဲ့က ပေးအပ်မည့်အကူအညီများတွင် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များထဲမှ တစ်ခုဖြစ်သည်ဟု အမေရိကန်လေတပ်မှ ဗိုလ်မှူးချုပ် Pat Ryder က တရားဝင်အသိအမှတ်ပြုပြောကြားခဲ့သည်။

နောက်ပိုင်းတွင် အမေရိကန်လေတပ်မှ ဗိုလ်မှူးချုပ် Pat Ryder က အဆိုပါသဘောထားမှတ်ချက်များနှင့်ပတ်သက်၍ သီးခြားသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့စဉ် လေကြောင်းရန်ကာကွယ်ရေးသည် ယူကရိန်းအတွက် ဦးစားပေးဖြစ်နေသော်လည်း ယခုအခါတွင် ကျယ်ပြန့်သော အခြားစစ်လက်နက်စွမ်းရည်အမျိုးမျိုးကို ပေးပို့သွားနိုင်ရန် ဆွေးနွေးနေဆဲဖြစ်ကြောင်း၊ ထိုသို့ ပေးပို့ခြင်းကို အမေရိကန်က ချက်ချင်းလုပ်ဆောင်မည့်အစီအစဉ် မရှိသေးကြောင်း အတိအလင်းပြောကြားခဲ့သည်။

သို့သော် နောက်ပိုင်းတွင် ပြောင်းလဲနိုင်သည်ဟု ၎င်းကပြောကြားခဲ့ပြီး ထိုလက်နက်များသည် "plug-and-play" (ချက်ချင်းသုံး၍မရ) လက်နက်စနစ်မျိုးမဟုတ်ဘဲ ထိရောက်သောလေ့ကျင့်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ပံ့ပိုးကူညီမှုများလိုအပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

NATO အတွင်းရေးမှူးချုပ် Jens Stoltenberg သည် နိုဝင်ဘာ ၂၉ ရက်က Bucharest တွင်ပြုလုပ်သည့် မဟာမိတ်အစည်းအဝေးအတွင်း Patriot ဒုံးကျည်များ ယူကရိန်းသို့ ပို့ဆောင်နိုင်မှုကို မီးမောင်းထိုးပြခဲ့ပြီး ပြုပြင်ထိန်းသိမ်းမှုနှင့် လေ့ကျင့်ရေးဆိုင်ရာရှုပ်ထွေးမှုများကိုလည်း ထောက်ပြခဲ့သည်။

ရုရှားနိုင်ငံလုံခြုံရေးကောင်စီ၏ လက်ထောက်အကြီးအကဲ Dmitry Medvedev က ရုရှားနိုင်ငံသည် ယူကရိန်းတွင် Patriot ဒုံးကျည်များနှင့် NATO တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း၊ ထိုသို့လုပ်ဆောင်လာမည်ဆိုပါက ရုရှားတပ်ဖွဲ့များအတွက် တရားဝင်ပစ်မှတ်များ ဖြစ်လာနိုင်ကြောင်း သတိပေးပြောကြားထားသည်။

ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမီထရီ ကူလီဘာသည် ယခုလအစောပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးပြီးနောက် လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် တောင်းဆိုချက်ကို ပထမဦးဆုံးအကြိမ်အဖြစ် Patriot စနစ်အတွက် ပေးပို့ရန်အချိန်ကျပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သေးသည်။ နောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Antony Blinken သည် ဆွေးနွေးမှုများကို အတည်ပြုခဲ့သော်လည်း Patriot ဒုံးကျည်များအကြောင်း ဖော်ပြထားခြင်းမရှိပေ။

**US considering Patriot missiles for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားထုတ် S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်ချထားရန် အသင့်ပြင်ဆင်ထားကြောင်း တူရကီကာကွယ်ရေးဝန်ကြီးပြောကြား

တူရကီက လေကြောင်းခြိမ်းခြောက်မှုရှိသည်ဟုယူဆပြီး လိုအပ်လာပါက ရုရှားထုတ် S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်ချထားရန် အသင့်ပြင်ဆင်ထားကြောင်း တူရကီကာကွယ်ရေးဝန်ကြီး Hulusi Akar က မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။

ခြိမ်းခြောက်မှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက မည်သည့်နေရာတွင် အသုံးပြုမည်ကို ဆုံးဖြတ်ပါမည်ဟု တူရကီပါလီမန်၏ စီမံကိန်းနှင့် ဘတ်ဂျက်ကော်မတီအစည်းအဝေးအတွင်း ကာကွယ်ရေးဝန်ကြီး Hulusi Akar က ပြောကြားခဲ့သည်။

S-400 ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှားထုတ် တာဝေးပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်ပြီး လေယာဉ်၊ မောင်းသူမဲ့လေယာဉ်များ၊ ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို ပစ်ခတ်တိုက်ခိုက်နိုင်သည်။

S-400 ဒုံးကျည်ကာကွယ်ရေးစနစ်တွင် ပစ်မဒုံးကျည်အမျိုးအစားသုံးခုကို အသုံးပြုထားသည်။ ၎င်း၏ 48N6 အဆိုပါဒုံးကျည်စီးရီးများဖြင့် ဝေဟင်ပစ်မှတ်များကို အကွာအဝေးကီလိုမီတာ ၂၅၀ (၁၅၅ မိုင်)ထိ တိုက်ခိုက်ဖျက်ဆီးနိုင်ပြီး ကီလိုမီတာ ၆၀(၃၇ မိုင်)အတွင်း ပဲ့ထိန်းဒုံးကျည်ပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်သည်။

77N6 ဒုံးခွင်းဒုံးများတွင် ပဲ့ထိန်းဒုံးကျည်ထိပ်ဖူးများကို ပစ်မှတ်ထားတိုက်ခိုက်သည့်နည်းပညာပါရှိပြီး တာဝေးပစ် 40N6 ဒုံးကျည်များသည် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ကီလိုမီတာ ၄၀၀(၂၄၉မိုင်)ထိ လွှမ်းခြုံကာကွယ်ထားနိုင်သည်။

၂၀၁၇ ခုနှစ်တွင် တူရကီအစိုးရ၏ ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော ရုရှားထုတ်စနစ်ဝယ်ယူရေးကြောင့် အမေရိကန်-တူရကီ ဆက်ဆံရေးတင်းမာမှုဖြစ်စေခဲ့သည်။ တူရကီက S-400 တပ်ခွဲလေးခွဲအနက် ပထမဆုံးတပ်ခွဲကိုလက်ခံခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် သမ္မတဒေါ်နယ်ထရန့်အစိုးရသည် တူရကီကို F-35 ကိုယ်ပျောက်တိုက်လေယာဉ်အစီအစဉ်မှ ဖယ်ရှားခဲ့သည်။

ရုရှား S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် တူရကီ၏ ဆုံးဖြတ်ချက်သည် F-35 တွင် ဆက်လက်ပါဝင်ပတ်သက်မှု မဖြစ်နိုင်တော့ကြောင်း Whitehouse ပြောရေးဆိုခွင့်ရှိသူ Stephanie Grisham က ပြောကြားခဲ့သည်။ NATO မဟာမိတ်များက ကွန်ရက်ချိတ်ဆက်မှုများမှတစ်ဆင့် တိုက်လေယာဉ်များမှစုဆောင်းရရှိထားသော သတင်းအချက်အလက်များ ရုရှားသို့ ရောက်ရှိသွားနိုင်သည့် ဒေတာလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် တူရကီ၏လုပ်ဆောင်ချက်အပေါ် ဝေဖန်မှုများ ဖြစ်ပေါ်ခဲ့သည်။



ပြစ်တင်ခဲ့သည်။ ပြီးခဲ့သောနှစ်တွင် တူရကီသည် အဆိုပါအစီအစဉ်၌ ၎င်း၏နေရာကို ပြန်လည်ရရှိနိုင်ရေး ကူညီပေးရန် နိုင်ငံတကာဥပဒေကုမ္ပဏီတစ်ခုကို ငှားရမ်းခဲ့သည်။

**Turkey Ready to Use Russian S-400 Missile Defense System: Minister ကို ဘာသာပြန်ဆိုထားပါသည်။**

## ယခုနှစ်ကုန်ပိုင်းတွင် အမေရိကန်နိုင်ငံမှ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုမိုရရှိရန် ယူကရိန်းနိုင်ငံ မျှော်မှန်း

ယူကရိန်းအစိုးရသည် ယခုနှစ်ကုန်ပိုင်းတွင် အမေရိကန်နိုင်ငံမှ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုမိုရရှိရန်မျှော်မှန်းထားကြောင်း ယူကရိန်းသမ္မတရုံးမှ



အရာရှိတစ်ဦးက Financial Times သတင်းဌာနသို့ ပြောကြားခဲ့သည်။

မဟာမိတ်နိုင်ငံများသည် ယူကရိန်းနိုင်ငံက လိုအပ်သည်များကို အတိအကျသိရှိနေသည်။ လိုအပ်နေသည့် တင့်ကားများ၊ တာဝေးပစ်ဒုံးကျည်များ၊ လေယာဉ်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပံ့ပိုးပေးပို့မှုများပြုလုပ်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း အဆိုပါအရာရှိက ပြောကြားထားသည်။

လက်ရှိအမေရိကန်အစိုးရသည် ယခုနှစ်ကုန်တွင် စစ်လက်နက်အပိုပစ္စည်းများ ထပ်မံပေးပို့သွားနိုင်မည်ဟု အာမခံထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့သည် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် မီးစက်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များပေးပို့ခြင်းကို ဦးစားပေးဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း Financial Times သတင်းဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

အမေရိကန်နိုင်ငံမှ လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များကို ပေါင်းစည်းပြီး မကြာမီအချိန်တွင် ပေးပို့နိုင်မည်ဖြစ်သည်။ အခြားထပ်မံပံ့ပိုးပေးနိုင်မည့် ဖြစ်နိုင်ခြေရှိသည့်စစ်လက်နက်ပစ္စည်းများကိုလည်း ရှာဖွေကြံဆလျက်ရှိကြောင်း အမေရိကန် အကြီးတန်းကာကွယ်ရေးအရာရှိတစ်ဦး၏ ပြောကြားချက်များကို ကိုးကား၍ ရေးသားထားခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံကို လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးပေးနိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည့် NATO ဝန်ကြီးအဆင့်ဆွေးနွေးပွဲ ပထမနေ့အပြီး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားထားခြင်းဖြစ်သည်။ အမေရိကန်လေတပ်ဗိုလ်မှူးချုပ်က လက်ရှိအချိန်တွင် အမေရိကန်သည် ပံ့ပိုးပို့ဆောင်ပေးရန် အစီအစဉ်မရှိကြောင်း အဆိုပါနေ့တွင် သတင်းထောက် များကို ပြောကြားခဲ့သည်။

**Kiev expects to get more US air defense systems by year-end — official ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုခရိုင်တွင် ဆီထွက်သီးနှံ ၁၆၅၀၁၉ ဧက စိုက်ပျိုးပြီးစီး



ယခုနှစ် မိုးရာသီကစိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၆၅၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဆီထွက်သီးနှံ ၂၃၃၇၅၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလကစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၅၀၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီမှာ ဆီထွက်သီးနှံဧက နှစ်သိန်းကျော် စိုက်ပျိုးဖို့လျာထားတာ။ အခုလက်ရှိ ဧက တစ်သိန်းကျော် စိုက်ပြီးပြီ။ အခု ဆက်လက်စိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီ ဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၀၅၆၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၇၈၀၂၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၆၄၂၆ ဧက စုစုပေါင်း ၁၆၅၀၁၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဆီထွက်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၆၆၂၅၇ ဧက၊ နှမ်း ၁၆၁၇၆၉ ဧက၊ နေကြာဧက ၅၇၃၀ တို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေးအတွက် သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေဩဇာ သုံးစွဲတတ်ရေးနှင့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေးအတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် မန်မိုင်( ခိုင်းယွန်း)-ဟိုက်ပုလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းရယ် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိုင်းရယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးကျော်မင်းထွန်းတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၇၄၆ သန်းဖြင့်ဆောင်ရွက်သည့် မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်းကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်မြို့နယ်အတွင်းရှိ မန်မိုင်(ခိုင်းယွန်း)-ဟိုက်ပုလမ်း အရှည် ၇ ဒသမ ၂၂ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် မောချယ်ရီကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသွားသဖြင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်ပြီဖြစ်ပြီး ဒေသထွက်ကုန်ပစ္စည်းများကိုလည်း ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မိုင်းရယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးကျော်မင်းထွန်းက ပြောပြ၍ သိရသည်။



**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပြုးမြို့နယ် ရေပြာကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဖြူး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေပြာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိအိလှိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေပြာကျေးရွာတွင် အရှည်ပေ ၂၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်အိအိလှိုင်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရေပြာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂၉ သိန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ပြီးစီးသွားသဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၂၈ အိမ်၊ လူဦးရေ ၁၁၃၀ တို့အတွက် ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိအိလှိုင်က ပြောပြ၍ သိရသည်။

**မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၉၀၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် အသေးစားရေအားလျှပ်စစ်နှင့် အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်မည့်နေရာများသို့ သွားရောက်ကြည့်ရှု




**နေပြည်တော် ဒီဇင်ဘာ ၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်ယူရရှိနိုင်ရန် အသေးစားရေအားလျှပ်စစ်နှင့် အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်မည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေလွှဲဆည်နှင့် အောက်ဘက်နေရာနှစ်ခုတွင် အသေးစားရေအားလျှပ်စစ်ဖြစ်မြောက်နိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းချောင်း၏အရှေ့ဘက်ခြမ်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် သင့်တော်မည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေနေရာအကျယ်အဝန်း၊ ဖြစ်မြောက်နိုင်စွမ်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ဆန်းစစ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လယ်ဝေးမြို့နယ်ရှိ သဲဖြူရေလှောင်တမံနှင့် ချောင်းမငယ်ရေလှောင်တမံတို့သို့သွားရောက်၍ ရေပေါ်နေရောင်ခြည်စွမ်းအင်သုံးစနစ်များ ဖြစ်မြောက်နိုင်စွမ်းကိုလည်းကောင်း၊ အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန်သင့်တော်မည့် နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များ ရရှိမှုအပေါ် အခြေခံ၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်သည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပါက စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဝန်ထမ်းမိသားစု စုပေါင်းမိတ်ဆုံစားပွဲတက်ရောက်၊ ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွသုံးဆောင်



**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်သူလူထုကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် လိုအပ်သောအရည်အချင်းပြည့်မီသည့် ကျန်းမာရေးလူ့စွမ်းအားစုအမျိုးမျိုးကို အမျိုးသားကျန်းမာရေးစီမံကိန်းလိုအပ်ချက်နှင့်အညီ လေ့ကျင့်မွေးထုတ်ပေးနေသော ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုမိတ်ဆုံနေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

စုပေါင်းမိတ်ဆုံ နေ့လယ်စာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက တက်ရောက်လာကြသည့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည့်ဌာနဖြစ်သည်အလျောက် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အချင်းချင်းရင်းနှီးချစ်ခင်စွာဖြင့် ကျရာတာဝန်များကို ပျော်ရွှင်စွာ အင်တိုက်အားတိုက်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ကာ တေးသီချင်း အက၊ အလှများဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည့် ဝန်ထမ်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါမိတ်ဆုံစားပွဲတွင် ဝါသနာရှင်ဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်း(နေပြည်တော်)နှင့် သားဖွားသင်တန်းကျောင်း(နေပြည်တော်)တို့မှ သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းအကများဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲများဖောက်ပေးကာ အခမ်းအနားကို ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာကျန်ဇီမင်း ကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာကျန်ဇီမင်း ကွယ်လွန်သွားခဲ့သည့်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် ယနေ့နံနက် ၁၀ နာရီ၌ သွားရောက် လက်မှတ်ရေးထိုးသည်။

ကွယ်လွန်သူ မစ္စတာကျန်ဇီမင်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၀၁ ခုနှစ်တွင် တရားဝင် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၃**

"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင်အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၂၀၃၀)၏ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေးမူနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၇)ကိုရေးဆွဲခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် မိတ်ဆက်ဖြန့်ချိခဲ့ပြီးဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင် လေးခရိုင်အတွင်း မသန်စွမ်းကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းများ၊ မသန်စွမ်းမှုအမျိုးမျိုးနှင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတိုင်းတာစစ်ဆေးပံ့ပိုးခြင်းဝန်ဆောင်မှု (Early Childhood Intervention Services-ECI)ဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏သဝဏ်လွှာ Video message နှင့် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး မသန်စွမ်းသူများက "အလှကမ္ဘာမြေ" သီချင်းနှင့် "လှမ်းခဲ့တော့ ထားဝယ်မြေ" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက မသန်စွမ်းဖျော်ဖြေရေးအဖွဲ့များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သွားရောက်ဂုဏ်ပြုဖျော်ဖြေ



MRTV မှ ဖျော်ဖြေရေးအဖွဲ့သူ၊ အဖွဲ့သားများက ကြာအင်းဆိပ်ကြီးတပ်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖျော်ဖြေနေမှုမှတ်တမ်းဓာတ်ပုံ။



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့မှ စစ်သည်၊ စစ်သမီးများ ရှေ့တန်းတစ်နေရာတွင် တပ်မတော်သားများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ၏ နယ်စပ်နယ်မြေအသီးသီးတွင် မိုးေဖဝေးနှင့် မိသားစုဝေးကွာစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို နေ့မအား၊ ညမနား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ တဒင်္ဂခဏတာမျှ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်နှင့် ဘဝအမောများပြေပျောက်စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့သူ၊အဖွဲ့သားများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ကျောပိုးအိတ်ဖျော်ဖြေရေးအဖွဲ့ငယ်များ ဖွဲ့စည်းကာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများသို့ မိသားစုများ၏ကိုယ်စား ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် အလှည့်ကျ သွားရောက်ဂုဏ်ပြုဖျော်ဖြေ သီဆိုကပြလျက်ရှိသည်။

ထိုသို့ ရှေ့တန်းစခန်းများရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့များကို သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂ ရက်နှင့် ယနေ့တို့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေရှိ ရှေ့တန်းစခန်းများနှင့် မြဝတီ၊ ကျိုက်ဒုံ၊ ကြာအင်းဆိပ်ကြီးတို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့သူ၊ အဖွဲ့သားများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ရှေ့တန်းစခန်းများနှင့် တပ်ရင်းဌာနချုပ်များရှိ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များက လုံခြုံရေးအရ အလှည့်ကျစနစ်ဖြင့် စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များမှာလည်း လွတ်လပ်ပေါ့ပါးစွာဖြင့် ပါဝင်သီဆိုကြသည်။ ရှေ့တန်းစခန်းအလိုက်နှင့် ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက လာရောက်သီဆိုဖျော်ဖြေပေးကြသည့် ဖျော်ဖြေရေးအဖွဲ့များကိုလည်း ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့ကို KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ ခုနှစ် မေလမှစတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ခေတ္တထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့် လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၁၈၉ ဦး၊ အမျိုးသမီး ၁၉၉ ဦး၊



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လက်ခံစဉ်။

ဘလက်ဒိုကျေးရွာသို့ အမျိုးသား သုံးဦး၊ အမျိုးသမီး ခြောက်ဦး ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့ထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၄၈၃ ဦး၊ အမျိုးသမီး ၅၁၃ ဦး စုစုပေါင်း ၉၉၆ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲလှကုန်းကျေးရွာနေ ငြိမ်းချမ်းအောင်သည် ၎င်းအသုံးပြုသည့် "ဘကြီးငြိမ်းချမ်း"Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ(ဒုတိယအကြိမ်)ထောက်ပံ့ပေးအပ်




**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ(ဒုတိယအကြိမ်) ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၃၇၀အတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှလည်း တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တပ်နယ်အလိုက် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။**

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေးဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသောလူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှပါသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean city၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင်မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်းတံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကိုဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်၊ လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်းစာသားတံဆိပ်ပါတူညီဝတ်စုံများ ဝတ်ဆင်ပြီး ချမ်းအေးသာစံမြို့နယ် သင်္ဘောဆိပ်တစ်လျှောက်တို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှအမှိုက်တစ်ပိသာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ သန့်ရှင်းရေးမပြုလုပ်မီ(ဝဲပုံ)နှင့် သန့်ရှင်းရေးပြုလုပ်ပြီး(ယာပုံ)ကို တွေ့ရစဉ်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၇၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံ ပြည်သူဦးရေ ၅၃၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



**ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။**

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၄၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ဒီဇင်ဘာ ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅ ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ဒီဇင်ဘာ ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၉၀ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၂၉၆ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၈၂၀ ဦး |


# မြန်မာနိုင်ငံတွင် လွှတ်တော်သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်

ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများတွင် ရွေးကောက်ပွဲတစ်ခုကျင်းပရာ၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန် သာတူညီမျှယှဉ်ပြိုင်နိုင်သော ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရန်လိုသည်။ ထိုအခါ ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့်ကျင်းပမည်ဆိုသည်က အရေးပါသော ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ယုံကြည်စိတ်ချရခြင်း ဥပဒေနှင့်အညီဆောင်ရွက်နိုင်ခြင်းတို့သည် ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။ ဂုဏ်သိက္ခာရှိ၍ အများယုံကြည်အားထားရသည့် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ လွှတ်တော်ရွေးကောက်ပွဲများသည် နိုင်ငံတစ်ခုအတွက် အရေးအကြီးဆုံးဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင်ထင်ဟပ်လျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံများသည် ပိုမိုကောင်းမွန်ပြည့်စုံသည့် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲကျင့်သုံးလာကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံ ၁၉၃ နိုင်ငံတွင် အချိုးကျကိုယ်စားပြုစနစ် PRs ကို ၁၁၁ နိုင်ငံက ကျင့်သုံးပြီး ဗဟုစနစ်ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံနှင့် အခြားရွေးကောက်ပွဲစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရသည်။ နိုင်ငံတော်တော်များများတွင် မဲများသူအနိုင်ရသည့် ရွေးကောက်ပွဲစနစ် Majority Vote တွင် အားနည်းချက်များလေ့လာတွေ့ရှိရသည့်အတွက် အချိုးကျကိုယ်စားပြုစနစ် PRs သို့ ပြောင်းလဲကျင့်သုံးလာကြသည်။

**အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)**

အချိုးကျကိုယ်စားပြုစနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့်စနစ်ဖြစ်သည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ဆန္ဒပြုထားသော မဲသည်ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်းယုံကြည်ပြီး စိတ်အားထက်သန်စွာမဲပေးခြင်းကြောင့် အလဟဿဖြစ်သောမဲအရေအတွက် နည်းပါးသွားမည်ဖြစ်သည်။ မဲအလေအလွင့်ဖြစ်မှုလည်း ပိုမိုနည်းပါးလာမည်ဖြစ်ပါသည်။ ထိုစနစ်ကြောင့် ပါတီများကို ပိုမိုတိကျစွာကိုယ်စားပြုနိုင်ခြင်း၊ ပါတီငယ်များနှင့် လူနည်းစုများကိုလည်း ကိုယ်စားပြုနိုင်ခြင်းနှင့် အများစုပါဝင်သည့် အုပ်ချုပ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပဒေပြုအဖွဲ့များတွင်လည်း ပါတီများမှ ကိုယ်စားပြုမှုများ ပါဝင်လာမည်ဖြစ်သည်။

အချိုးကျကိုယ်စားပြုစနစ်များစွာရှိသည့်အနက် ထိုစနစ်ကိုကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးသည့်ပုံစံကိုခွဲခြားကြည့်ပါလျှင် အဓိကပုံစံ သုံးမျိုးခွဲခြားနိုင်ပါသည်။ ပါတီအမည်ကိုမူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ်(Party List PR System-LPR) ပါတီ၊ အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed- Member Proportional System-MMP)နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote-STV)တို့ ဖြစ်ပါသည်။ အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုပုံစံသုံးမျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) အများအပြားရှိသည့်အနက် ပါတီအမည်ကိုမူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List PR) စနစ်တွင် စာရင်းပိတ် Closed List စာရင်းဖွင့် Open List နှင့် စာရင်းလွတ် Free List ဟူ၍ ပုံစံ သုံးမျိုးရှိပါသည်။ စာရင်းပိတ် Closed List သည် ပါတီကိုဆန္ဒပြုရမည့်ပုံစံဖြစ်ပြီး ပါတီက ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ပြုစုပေးရပါသည်။ မဲဆန္ဒရှင်အနေဖြင့် ကိုယ်စားလှယ်ကိုရွေးချယ်ခွင့်မရှိဘဲ ပါတီကပြုစုသော ကိုယ်စားလှယ်အစီအစဉ်ကို လက်ခံရမည်ဖြစ်သည်။ စာရင်းဖွင့် Open List သည် ပါတီတစ်ခုတည်းကိုသာ ရွေးချယ်ခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်လောင်းကိုပါ ရွေးချယ်နိုင်ခွင့်ရှိသည်။ ပါတီကရွေးချယ်ပေးထားသော ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ် တပ်ထားခြင်းမပြုဘဲ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်သည့်ကိုယ်စားလှယ်ကို မဲပေးရွေးချယ်ရခြင်းဖြစ်သည်။ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရန်အတွက် လွယ်ကူရှင်းလင်းမှုအရ စာရင်းပိတ် Closed List နှင့် စာရင်းဖွင့် Open List စနစ် နှစ်မျိုးအနက်မှ ရွေးချယ်စဉ်းစား ဆောင်ရွက်သင့်ပါသည်။

**ပါတီအမည်ကိုမူတည်သည့် အချိုးကျကိုယ်စားပြုစနစ် (Party List PRs)**

ပါတီအမည်ကိုမူတည်ပြီး ရွေးချယ်သည့် အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုလျက်ရှိသည့် စနစ်သုံးမျိုးမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ယင်းအပြင် ပါတီနှင့်အမတ်လောင်း တစ်ပါတည်း ရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ (Mixed-Member Proportional System-MMP) အသုံးပြုသော နိုင်ငံများရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ပါတီအမည်ကိုတစ်ကြိမ်နှင့် နှစ်သက်ရာ ကိုယ်စားလှယ်ကိုတစ်ကြိမ် ဆန္ဒမဲပေးသည့်ပုံစံ သို့တည်းမဟုတ် နိုင်သူအကုန်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ တစ်မျိုးမျိုးကိုအသုံးပြု၍ သတ်မှတ်အချိုးအစားအတိုင်း ကိုယ်စားလှယ်ရွေးချယ်သည့်စနစ်ပုံစံဖြစ်ပါသည်။ ယင်းအပြင် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ်ပုံစံ (Single Transferable Vote-STV)ကို အသုံးပြုသော နိုင်ငံများလည်းရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးရခြင်းဖြစ်သည်။ ပထမဦးစားပေး မဲဝေစုရရှိသည့် ကိုယ်စားလှယ်လောင်းသည် သတ်မှတ်မဲအရေအတွက် Threshold ထက်ပိုနေပါက ရွေးချယ်ခံရပြီး အဆိုပါ Threshold ထက်ပိုသောမဲများကို မိမိနှစ်သက်သည့် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးနိုင်သော စနစ်ပုံစံဖြစ်ပါသည်။ အဆိုပါ MMP နှင့် STV ပုံစံနှစ်မျိုးသည် မဲဆန္ဒရှင်များ ရွေးကောက်ပွဲဆိုင်ရာအသိပညာပြည့်ဝမှုရှိမှသာ အသုံးပြုရန်သင့်လျော်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်မှုအခြေအနေအရ ရှင်းလင်းလွယ်ကူသည့်ပါတီကိုသာရွေးချယ်ရသည့် စာရင်းပိတ် Closed List စနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေး စဉ်းစားဆောင်ရွက်သင့်ပါသည်။

**မြန်မာနိုင်ငံတွင်ပြောင်းလဲကျင့်သုံးသင့်သည့် အချိုးကျကိုယ်စားပြုစနစ်(PRs)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံရေးပါတီများနှင့် လေးကြိမ်တွေ့ဆုံ၍ ရွေးကောက်ပွဲစနစ်များကို ပြန်လည်လေ့လာသုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲစနစ်များကို ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် အချိုးကျကိုယ်စားပြုစနစ်(PRs)သို့ ပြောင်းလဲကျင့်သုံးသင့်ကြောင်း သဘောတူတင်ပြခဲ့ကြပြီးနောက် ၂၀၂၂ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့အလိုက် အသေးစိတ်ထပ်မံဆွေးနွေးခဲ့ကြပြီး မဲအများဆုံးရသူအနိုင်ရသည့် (FPTP) စနစ်မှ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်(PRs)သို့ ပြောင်းလဲကျင့်သုံးရာတွင် Closed List PR ကို ကျင့်သုံးသင့်ကြောင်း နိုင်ငံရေးပါတီများက ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီသော Closed List စနစ်ကို ကျင့်သုံးမည်ဆိုပါလျှင် (၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ) မဲလက်မှတ်နမူနာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်၍ မဲပေးရာတွင် ရှင်းလင်းလွယ်ကူပါမည်-

**အချိုးကျကိုယ်စားပြု(Closed List)စနစ်အတွက် မဲလက်မှတ်နမူနာပုံစံ(၁)**

Closed list System ကို ကျင့်သုံးမည်ဆိုပါက ပါတီအလိုက် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ကော်မရှင်သို့ တင်ပြထားရမည်။ ပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ ရုပ်ပုံများကို ဗီနိုင်းပိုစတာများဖြင့် မဲဆန္ဒနယ်မြေအတွင်း ဥပဒေများနှင့်အညီ ကပ်ထားနိုင်သည်။

Party List PR ( Closed List ) အရ ပါတီများမှ ကြိုတင် တင်ပြထားသည့် ကိုယ်စားလှယ် ဦးစားပေးအစီအစဉ်အတိုင်း Thershold အရ ရရှိမည့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ခြင်း အကြံပြုချက်နမူနာ (ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုနယ်မြေ)

ပါတီအလိုက် အောက်ပါကိုယ်စားလှယ်များ ရွေးကောက်ခံရပါသည်-

(A)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၃) ဦး - ဦးအေး၊ ဦးအောင်၊ ဦးမောင်
(B)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၂) ဦး - ဦးတင်၊ ဦးမှန်
(D)ပါတီ လွှတ်တော်ကိုယ်စားလှယ်
(၂) ဦး - ဦးမျိုး၊ ဦးတိုး
တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်
(၁) ဦး - ဦးဘ

PR စနစ်ကို ပြောင်းလဲကျင့်သုံးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိရန် လိုအပ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲ **စာမျက်နှာ ၂၂ သို့**



# ဆန်ဖရန်စစ္စကိုမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီး



**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တွင် ဒီဇင်ဘာ ၁ ရက်က မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးတချို့လဲကျကာ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း ဆန်ဖရန်စစ္စကို အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NBC သတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

သစ်ပင်ကြီးများလဲကျမှုကြောင့် မစ်ရှင်လမ်းမကြီးတွင် ဓာတ်တိုင်တချို့လဲကျပြီး နေအိမ်အမြောက်အမြား လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ဆန်ဖရန်စစ္စကို အာဏာပိုင်အဖွဲ့အစည်းက လဲကျခဲ့သော သစ်ပင်ကြီးများကို အမြန်ဆုံး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီး ရေလွှမ်းနေသောလမ်းမကြီးများကို အသုံးမပြုရန် ယာယီပိတ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

“ဖစ်ကပ်ပင်တွေက လဲကျဖို့မလွယ်တဲ့ သစ်ပင်တွေဖြစ်ပါတယ်။ အခုလဲကျခဲ့တဲ့ ဖစ်ကပ်ပင်တွေဟာ လေတိုက်နှုန်းတစ်ခုတည်းကြောင့် လဲကျတာမျိုးမဟုတ်ဘဲ မြေအခြေအနေနဲ့ သစ်ပင်ပေါ် လေးလံတဲ့အရာတွေပိမိလို့ လဲကျတဲ့အခြေအနေမျိုးဖြစ်ပါတယ်”ဟု ဆန်ဖရန်စစ္စကို ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရစ်ချယ်ဂေါ်ဒွန်က ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် အဆောက်အအုံတချို့ ပျက်စီးခဲ့ပြီး သစ်ပင်ကြီးများ လဲကျခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သလို သေဆုံးသူလည်း မရှိခဲ့ကြောင်း သိရသည်။

“မုန်တိုင်းဝင်ရောက်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေတဲ့ ဧရိယာ ၁၅ နေရာရှိနေပြီး မုန်တိုင်းကြောင့် သစ်ပင်ခြောက်ပင်လဲကျခဲ့တယ်။ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို သေဆုံးသူလဲမရှိခဲ့ပါဘူး”ဟု ဆန်ဖရန်စစ္စကို အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အုတ်ဖုတ်လုပ်ငန်းများမှထွက်ပေါ်လာသော လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီနှင့် အရွယ်ရောက်ပြီးသူ နှစ်စဉ် ၆၀၀၀ ကျော်သေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အုတ်ဖုတ်လုပ်ငန်းများမှ ထွက်ပေါ်လာသော လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်မီနှင့် အရွယ်ရောက်ပြီးသူ နှစ်စဉ်ဦးရေ ၆၀၀၀ ကျော် သေဆုံးလျက်ရှိကြောင်း အမေရိကန်နိုင်ငံ Stanford Woods Institute for the Environment မှ သုတေသနပညာရှင်များက ဒီဇင်ဘာ ၂ ရက်က ပြောကြားခဲ့ကြောင်း The Business Standard သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလေ့လာရေး သိပ္ပံဌာနမှ စီစဉ်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သန့်ရှင်းသောလေထုနှင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးကို မြှင့်တင်ရန်အတွက် အုတ်ထုတ်လုပ်ခြင်းအသွင်ပြောင်းခြင်း ခေါင်းစဉ်ဖြင့် သုံးရက်ကြာကျင်းပလျက်ရှိသော အစည်းအဝေးဒုတိယနေ့တွင် Stanford Woods Institute for the Environment မှ သုတေသန ပညာရှင်များက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



တောင်အာရှတစ်ဝန်းတွင် အုတ်ဖိုများမှ ထွက်ပေါ်လာသော အနက်ရောင်ကာဗွန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များသည် ရာသီဥတုပြောင်းလဲခြင်းအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အုတ်ဖိုပေါင်း ၇၀၀၀ သည် နှစ်စဉ် အုတ်အလုံးရေ ၂၇ ဘီလီယံခန့် ထုတ်လုပ်လျက်ရှိပြီး ၎င်းလုပ်ငန်းများမှ အမှုန်အမွှား ၁၁ ရာခိုင်နှုန်း၊ အနက်ရောင်ကာဗွန် ၂၂ ရာခိုင်နှုန်းရှိရာ နိုင်ငံအတွင်း နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုစုစုပေါင်း၏ ၁၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အုတ်ဖုတ်လုပ်ငန်းများတွင် ခေတ်မီ မီးဖိုများကို လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က စတင်သုံးစွဲရန် ကြိုးစားခဲ့ကြသော်လည်း စရိတ်စကကြီးမားမှုကြောင့် အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

**AZH**

# နယူးဒေလီမြို့အတွင်း ဒီဇယ်လောင်စာသုံး သုံးဘီးဆိုင်ကယ်များမောင်းနှင်ပြေးဆွဲမှုပိတ်ပင်ရန် စီစဉ်နေ

**နယူးဒေလီ ဒီဇင်ဘာ ၃**

ဆောင်းကာလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အတွင်း လေထုညစ်ညမ်းမှုနှုန်း နှစ်စဉ်မြင့်မားနေပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုများကိုလည်း လျှော့ချသွားရန်စီစဉ်လာရာ အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက အဆိုပါနယူးဒေလီမြို့နယ်မြေအတွင်း ဒီဇယ်လောင်စာသုံး သုံးဘီးဆိုင်ကယ်များမောင်းနှင်ပြေးဆွဲမှုကို တားမြစ်ပိတ်ပင်သွားရန်စီစဉ်နေကြောင်း ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း NIE သတင်းဌာနက ဒီဇင်ဘာ ၂ ရက်က ရေးသားဖော်ပြခဲ့သည်။

နယူးဒေလီမြို့အပါအဝင် ဟာယာနာပြည်နယ်၊ အပ်တာပရာဒက်ရှ်ပြည်နယ်နှင့် ရာဂျက်စတန်ပြည်နယ်တို့တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဒီဇယ်လောင်စာသုံး သုံးဘီးဆိုင်ကယ်များကို လိုင်စင်ချပေးမည်မဟုတ်တော့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ဒီဇယ်လောင်စာသုံး သုံးဘီးဆိုင်ကယ်များသုံးစွဲမှုကို တားမြစ်ပိတ်ပင်သွားရန် စီစဉ်နေခြင်းကြောင့် သုံးဘီးဆိုင်ကယ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရသည့် ဒေသခံများအတွက် အခက်အခဲရှိလာနိုင်သည်။

ထို့ကြောင့် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ဒေသခံများအား အချိန်ပေးသွားမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်မှစ၍ ဒီဇယ်လောင်စာသုံး သုံးဘီးဆိုင်ကယ်များ နေရာတွင် သဘာဝဓာတ်ငွေ့ သို့မဟုတ် လျှပ်စစ်စွမ်းအင်အသုံးပြုသည့် သုံးဘီးဆိုင်ကယ်များဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

နယူးဒေလီမြို့တွင် လူနေထူထပ်သလို လူဦးရေသန်း ၂၀ ခန့်မှာ ညစ်ညမ်းသည့်လေထုကိုသာ ရှူရှိုက်နေရသည့် အခြေအနေဖြစ်ပြီး လေထုညစ်ညမ်းမှုသည် ဒေသခံများ၏ကျန်းမာရေးကိုလည်း ခြိမ်းခြောက်နေသည်။ အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက နယူးဒေလီမြို့ကို ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်း အမြင့်ဆုံးသောမြို့တော်များစာရင်းမှ ဖယ်ထုတ်နိုင်ရေးအတွက်လည်း ၂၀၂၃ ခုနှစ်မှစ၍ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် ပြင်ဆင်နေကြောင်းလည်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# တရုတ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်မှစ၍ ဟင်းသီးဟင်းရွက်များစိုက်ပျိုးရာတွင် ပိုးသတ်ဆေး သုံးစွဲခြင်းကို ၁၀ ရာခိုင်နှုန်းလျှော့ချမည်

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်မှစတင်၍ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးသုံးစွဲခြင်းကို ၁၀ ရာခိုင်နှုန်းထိလျှော့ချသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပိုးသတ်ဆေးသုံးစွဲမှုသည် စားသုံးသူများကိုလည်း ကျန်းမာရေးထိခိုက်စေနိုင်ပြီး အနာဂတ်တွင် ပိုးသတ်ဆေးသုံးစွဲမှုကို ရာနှုန်းပြည့်လျှော့ချနိုင်ရန်လည်း ပြင်ဆင်လာကြောင်း၊ ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချသွားမည့်အပြင် ဓာတ်မြေဩဇာသုံးစွဲမှုကိုလည်း လျှော့ချသွားရန်ပြင်ဆင်နေပြီး ဓာတ်မြေဩဇာအစား အော်ဂဲနစ်မြေဩဇာများကိုသာ ပြောင်းလဲအသုံးပြုနိုင်ရန်လည်း စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဟင်းသီးဟင်းရွက်စားသုံးသူတွေ အန္တရာယ်ကင်းဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့အတွက် ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချနိုင်ဖို့ အရေးပေါ်ဆောင်ရွက်သွားမယ်။ ၂၀၂၅ ခုနှစ်ကနေစတင်ပြီးတော့ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေမှာ ပိုးသတ်ဆေးသုံးစွဲမှု ၁၀ ရာခိုင်နှုန်းထိ လျှော့ချသွားနိုင်ဖို့ ဆောင်ရွက်သွားမယ်။ ပိုးသတ်ဆေးသုံးစွဲမှုလျှော့ချနိုင်ရေးနဲ့အတူ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချရေးကိုလဲ တစ်ပါတည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဓာတ်မြေဩဇာနေရာမှာ အော်ဂဲနစ်မြေဩဇာအစားထိုးသုံးစွဲနိုင်ဖို့လဲ ဆောင်ရွက်သွားမယ်”ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာသုံးစွဲမှုနှုန်းမြင့်မားပါက မြေအောက်ရေကိုလည်း ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ပြင် မြေဆီလွှာများကိုပျက်စီးစေနိုင်ပြီး ဇီဝမျိုးစိတ်များကိုလည်းအန္တရာယ်ပေးနိုင်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# မာလာဝီနိုင်ငံနှင့် အခြားအာဖရိကနိုင်ငံများသို့ ရုရှားနိုင်ငံက ဓာတ်မြေဩဇာမက်ထရစ်တန်ချိန် ၂၆၀၀၀၀ လှူဒါန်းမှုကို ကုလသမဂ္ဂကြိုဆို

**နယူးယောက် ဒီဇင်ဘာ ၃**

မိုးခေါင်ရေရှားမှုဒဏ် ခံခဲ့ရသော မာလာဝီနိုင်ငံနှင့် အခြားအာဖရိကနိုင်ငံများမှ လယ်သမားများအတွက် ဓာတ်မြေဩဇာ မက်ထရစ်တန်ချိန် ၂၆၀၀၀၀ ကို ရုရှားနိုင်ငံက လှူဒါန်းခဲ့သည့်အတွက် ကုလသမဂ္ဂက ကြိုဆိုခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ Stephane Dujarric ၏ ပြောကြားချက်ကို The North Africa Post သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ရုရှားနိုင်ငံအနေဖြင့် ဥရောပဆိပ်ကမ်းများနှင့် ဂိုဒေါင်များတွင် သိုလှောင်ထားသော ၎င်းတို့ပိုင်ဆိုင်သည့် ဓာတ်မြေဩဇာများအနက် မက်ထရစ်တန်ချိန် ၂၆၀၀၀၀ ကို မာလာဝီနိုင်ငံနှင့် အခြားအာဖရိကနိုင်ငံများမှ မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသည့် လယ်သမားများအတွက် လှူဒါန်းမှုကို ကုလသမဂ္ဂအနေဖြင့် ကြိုဆိုကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ Stephane Dujarric က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ စင်းလုံးငှားသင်္ဘောတစ်စီးသည် အာဖရိက အရှေ့တောင်ပိုင်းရှိ မာလာဝီနိုင်ငံအတွက် ဓာတ်မြေဩဇာမက်ထရစ်တန်ချိန် ၂၀၀၀၀ တင်ဆောင်၍ ဥရောပမှ နိုဝင်ဘာ ၂၈ ရက်ကပင် ထွက်ခွာသွားပြီဖြစ်ကြောင်း Stephane Dujarric က ပြောကြားခဲ့ကြောင်း၊ အဆိုပါ လှူဒါန်းမှုကြောင့် အာဖရိကနိုင်ငံများအတွက် လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များကို သက်သာစေပြီး လက်ရှိစိုက်ပျိုးရာသီတွင် အာဖရိကမှ သီးနှံဆုံးရှုံးခြင်းများကို ကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်္ဘောသည် မိုဇမ်ဘစ်နိုင်ငံ ဘီရာမြို့ဆိပ်ကမ်းသို့ ရောက်ရှိဆိုက်ကပ်ပြီး ထိုမှတစ်ဆင့် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော မာလာဝီနိုင်ငံသို့ရောက်ရှိရန် တစ်လခန့်အချိန်ယူရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကျန်အာဖရိကနိုင်ငံများအတွက် ဓာတ်မြေဩဇာ မက်ထရစ်တန်ချိန် ၂၄၀၀၀၀ ကို လာမည့်လများတွင် ဆက်လက် ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **AZH**

0 w Kw d @

# မဟာတံတိုင်းကြီး

စံဈာနီထွန်း




(၁)

မိုးရာသီဖြစ်ပေမဲ့ မိုးမရွာတဲ့အချိန်တွေဆို ပူတာက ပူစပ်ပူလောင်။ ပူစပ်ပူလောင် နေမထိထိုင်မထိ ဖြစ်တာကအကြောင်းမဟုတ် တဝီဝီအသံပေးပြီး ဟိုနားပျံ၊ ဒီနားပျံ ပေါများလွန်းတဲ့သွေးစုပ်ခြင်တွေကို မျက်မုန်းကျိုးတယ်၊ မုန်းတယ်။

"ဖြန်း ကဲဟာ ဖြန်း ဖြန်း"

"ဟာမိန်းမဘယ်လိုဖြစ်တာလဲ။ တစ်သက်နဲ့တစ်ကိုယ်မရိုက်ဖူး၊ မသတ်ဖူးတဲ့ခြင်တွေကိုရိုက်နေပါ့လား"

"ရိုက်ရမယ်တော့် ရိုက်ရမယ်။ စိုးသားလေးကိုမှ ရွေးကိုက်နေတာ။ စိုးကိုကိုက်စမ်းပါ စိုးခံနိုင်ရည်ရှိတယ်။ အခုတော့ သားလေးကိုမှ ရွေးကိုက်တဲ့ခြင်သေစမ်း။ ဖြန်း ဖြန်း"

ပျံဝဲနေတဲ့ခြင်တွေကို လက်နှစ်ဖက်ကြား ရောက်အောင်သေချာချိန်၊ လက်နှစ်ဖက်ကြားထဲရောက်လာတာနဲ့တစ်ပြိုင်နက် လက်ဖဝါးနှစ်ဖက်ကို အရှိန်ယူရိုက်ချပစ်နေတဲ့ ချစ်ဇနီးစိုးစိုး။ ကိုဘအောင်တို့ လင်မယားနှစ်ယောက် အိမ်ထောင်ဦးကတည်းက ကလေးရှုး ရှူးလာလိုက်တာ အိမ်ထောင်သက်ရှစ်နှစ်ကြာမှ မွေးလာရတဲ့ဒီသားလေး။ ပါးဖောင်းဖောင်းလေးနဲ့ ချစ်စရာကောင်းလှတဲ့ သားလေးကို ချစ်မဝ၊ ရှုမဝ။ သားလေးဟာ စိုးအသည်းနှလုံး၊ စိုးအသက်။

"အမယ်လေးကိုကြီးရေ သားလေးကိုလာကြည့်ပါအုံး"

"ဘာဖြစ်လို့လဲမိန်းမ"

"လာပါ လာကြည့်ပါကိုကြီးရဲ့။ ပြုတ်ကျရင်တော့ ဒုက္ခပါပဲသားလေးရယ်"

ပါးစပ်ကအော်ပြောနေရင်း ခြေမကိုင်မိ၊ လက်မကိုင်မိ ပုခက်ထဲကို ဟိုဘက်ခေါင်းအုံးခံလိုက်၊ ဒီဘက်ခေါင်းအုံးခံလိုက် အလုပ်ရှုပ်နေရှာတဲ့ ချစ်ဇနီးစိုးစိုး။ ကိုဘအောင်ကြည့်လိုက်တော့ သားလေးက အခုမှ ခုနစ်လသားသာသာလေးရှိသေးတာဖြစ်ပေမဲ့ ချိတ်ချိတ်ထားတဲ့ပုခက်ကသံတန်းတိုင်တွေကိုဆုပ်ကိုင်ပြီး မတ်တတ်ရပ်နေတဲ့အဖြစ်ထူးမို့ ကိုဘအောင်မှာလဲ အလန့်တကြား။ ချစ်ဇနီးစိုးစိုးမွေ့ယူတာတောင် အမွေ့မခံ မတ်တတ်ရပ်ရတာကို ပျော်နေရှာတဲ့သား။

"ဒီကောင်ကွာ အခုမှ ခုနစ်လသားပဲရှိသေးတဲ့ဟာ။ ဒီလိုမတ်တတ်ရပ်နေတာ သူများတွေမြင်ရင် ယုံကြမှာမဟုတ်။ ကြီးလာရင် တော်တော် ကမြင်းမဲ့ကောင်"

"ရှင်နော်ရှင် သားကိုဦးကျိုးအောင် ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့။ ငယ်ငယ်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ ကြိုးစားတဲ့ စိုးသားက ကြီးလာရင် ထူးချွန်ထွန်းပေါက်မဲ့သားဖြစ်မှာ"

"အေးပါကွာ အေးပါ မပြောတော့ပါဘူး"

(၂)

"မိန်းမရာ ကလေးက အခုမှ သူငယ်တန်းပဲရှိသေးတယ်။ ဈေးကြီးတဲ့စက်ရုပ်ကားတွေကော ကစားစရာတွေကပါမျိုးစုံ၊ ကလေးအားဆေးတွေက မျိုးစုံတိုက်နေတာ ကြည့်လဲလုပ်အုံးမိန်းမရဲ့"

"အို. . . တော် ရှင် အဖေမဟုတ်ဘူးလား။ ကိုယ့်သားလေး ဒီတစ်ယောက်ပဲရှိတာ ရှင်ရှာသမျှ သားအတွက်"

"မင်းနဲ့ငါ့အတွက်ကော"

"ရှင်နော်"ပြောပြီးမျက်စောင်းလှည့်ထိုးလိုက်တဲ့အတွက် ကိုဘအောင်က-

"အေးပါကွာ အေးပါ မပြောတော့ပါဘူး"

သားလေးကျောင်းတက်တော့-

"ကိုကြီးရေ ကိုကြီး။ ဒီမယ် သားလေးပညာရည်မှတ်တမ်းလာကြည့်ပါအုံး"

"အေး ပြကွာ။ အမှတ်တွေက ၁၀၀ အပြည့်တွေပါလား"

"အဲဒါကြောင့်ပြောတာပေါ့။ သားလေးက အလွန်တော်တဲ့အထဲ ပါပါတယ်ဆို၊ လိမ္မာတဲ့သား တော်တဲ့သားပါဆို"

"ဟုတ်ပါတယ်ကွာ ငါလဲဝမ်းသာပါတယ်ကွာ"

ဒီလိုနဲ့သားလေးကြီးပြင်းလာတဲ့ထိ လင်မယားနှစ်ယောက်စလုံးဂရုတစိုက်အလိုလိုက်။ စာတော်လို့ ဆယ်တန်းနှစ်ချင်းပေါက်အောင်ပြီး တက္ကသိုလ်တက်ရတော့-

"မေမေ သားအတွက် ကျူရှင်လခရယ်၊ မုန့်ဖိုးရယ်ပေးပါအုံး"

"ဘယ်လောက်လဲသား။ သားအဖေကိုပြဖို့စာရင်းစာရွက်ကော"

"ဒီမယ်မေမေ"

ကိုဘအောင် သားကိုပြောထားလို့ ကားခကနေစပြီး နေ့စဉ်အသုံးစရိတ်၊ ကျူရှင်လခ စာရင်းရေးပြီးတင်ပြစေတာပါ။

"သုံးသိန်းတောင်မှ သားရယ်များလိုက်တာ"

"မများပါဘူးမေမေရယ်။ သားက အဲဒီလောက်သုံးတာမဟုတ်ဘူး။ သားသူငယ်ချင်းတွေဆို သူတို့မိဘတွေဆီက တစ်လ လေးသိန်းတောင်းသုံးတာ။ သားအနည်းဆုံး"

"အေးပါသားရယ် ကဲ. . . ရော့ ရော့"

ဗီရိုထဲကနေသားအတွက် သတ်သတ်ဖယ်ထားတဲ့ တစ်လစာငွေတွေယူပြီးပေးလိုက်တော့-

"အဲဒါကြောင့် မေမေ့ကိုချစ်တာ ရွှတ်"

စိုးပါးကိုနမ်းသွားတဲ့သား။

"အမယ်လေးနော် မကြီးမငယ်နဲ့အမေ့သားလေး။ သား သားဖုန်းဘယ်မှာလဲ မေမေ မတွေ့ဘူးနော်"

"မေးမနေပါနဲ့မေမေရယ်"

"မမေးလို့ဘယ်ဖြစ်မလဲသားရဲ့ ကဲပြော"

"ပြုတ်ကျလို့မှန်ကွဲတာ လဲထားတယ်မေမေ"

"ဒါများပြောတာမဟုတ်ဘူး။ မေးမနေပါနဲ့ လုပ်သေးတာ"

နောက်တစ်လကျော်ကြာတဲ့ထိ သားလက်ထဲ ဖုန်းကိုင်တာမတွေ့။

"သား ဖုန်းက အခုထိ မရွေးသေးဘူးလား။ မြင်ထားတာဆို"

"ရောင်းလိုက်ပြီမေမေ ဖုန်းကပြင်မရတော့ဘူးတဲ့"

"ဘာ သားပြောတော့မှန်လေးပဲကွဲတာဆို"

"မေမေစိတ်မကောင်းဖြစ်မှာဆိုးလို့ မှန်ကွဲတယ်လို့ပဲပြောတာ။ တကယ်တော့ ဖုန်းက ဆိုင်ကယ်ဘီးနဲ့ ကြိတ်မိသွားတာမေမေ"

"နှမြောလိုက်တာသားရယ်။ မေမေ့ကို သေချာမပြောဘူး။ မင်းအဖေသိရင် အဆူခံထိတော့မှာပဲ။ ရောင်းလိုက်တဲ့ငွေကော"

"မေမေတို့ပေးတဲ့ တစ်လစာမလောက်လို့ ဖုန်းရောင်းတဲ့ပိုက်ဆံသုံးတဲ့ထဲပါသွားပြီမေမေ"

"သားရယ် မလောက်ရင်လဲ မေမေ့ကိုပြောလေ မေမေပေးမှာပေါ့"

"ဖေဖေကပေးမှာမဟုတ်ဘူးလေ"

မျက်နှာလေးညှိုးညှိုးနဲ့သားပြောနေတာကြည့်ပြီး-

"ကဲပါ လိုတဲ့ငွေ မေမေပဲဖြည့်ပေးမယ်"

"ဒါမှတို့မေမေ ရွှတ်"

"နေအုံး တစ်လဘယ်လောက်ပေးရမှာလဲ"

"ကျူရှင်လခနဲ့ ပေါင်းသုံးသိန်းခွဲမေမေ"

"ဟင်"

စိုးစိတ်ထဲမတင်မကျ။ ဘာဖြစ်လို့များ သား ပိုက်ဆံတွေ ဒီလောက်သုံးနေရတာလဲ။

(၃)

"ကိုကြီး စိုးပြောစရာရှိလို့"

"ကဲ. . . ပြောစမ်းပါ"

"မနောက်နဲ့ အတည်ပြောမလို့ သားအကြောင်း။ သားပိုက်ဆံတွေ တအားသုံးနေတယ်ကိုကြီး။ ဘွဲ့ရခါနီးမှဆေးတွေများ"

"ကိုတို့သားက အဲဒီလောက်မိုက်မှာမဟုတ်ပါဘူး။ ကိုမေးကြည့်လိုက်ပါ့မယ်"

"အင်း သေချာမေးကြည့်နော်"

သားကိုချစ်ရလွန်းလို့ စုံလုံးကန်းတဲ့မိဘတွေ စိုးတို့ မဖြစ်ချင်ပါ။ယောက်ျားလေးတွေအကြောင်း ယောက်ျားဖြစ်သူပဲ ပိုနားလည်တာမို့ ကိုဘအောင်ကိုပြောပြရခြင်းပါ။ ကိုဘအောင် သားကို ချော့တစ်လှည့်၊ ချောက်တစ်လှည့်မေးမြန်းစုံစမ်းပြီးသကာလ ဆေးစွဲသူတွေနဲ့ ပေါင်းပြီး အစမ်းဆေးချရာကနေ ဆေးစွဲစအဆင့်တဲ့။ သားကို နေ့စဉ်သာ တစ်နေ့ချင်းအသုံးစရိတ်ပေးရမှာဖြစ်ပေမဲ့ တစ်လစာအသုံးစရိတ်ပေးမိလို့ ဖြစ်တာလို့ စိုးထင်မိတယ်။ စိုးအမှားတွေကြောင့် ဆေးစွဲရတဲ့သား။ အလိုလိုက်မိတဲ့ စိုးအမှား။ မေမေ့အပြစ်တွေကြောင့်ပါ သားလေးရယ်။ တုန်လှုပ်ခြင်း၊ ယူကျုံးမရခြင်းများစွာနဲ့စိုး။

အချိန်မီ မိဘနှစ်ယောက်စလုံးတိုင်တိုင်ပင်ပင်နဲ့ ဆေးဖြတ်ဖို့အတွက် ဆေးဖြတ်တဲ့ပုဂ္ဂလိကဆေးခန်းမှာ သားကိုပို့တော့ ကုန်ကျငွေစာရင်းအချုပ်က ဆယ်သိန်းလောက်။ စိုးစုထားခဲ့တဲ့ ရွှေတိုရွှေစလေးတွေဖြောလိုက်ရပါတော့တယ်။ ငွေကုန်တာအကြောင်းမဟုတ်ပေမဲ့ နောက်ထပ် အပေါင်းအသင်းမှားမှာစိုးရိမ်ရတာတစ်မျိုး၊ တကယ် ဆေးပြတ်၊ မပြတ် မျက်ခြည်မပြတ်ကြည့်ရတာတစ်မျိုး၊ စိုးအမှားကြောင့် ယူကျုံးမရဖြစ်ရတာတစ်မျိုး အို. . . မျိုးစုံ။ စိတ်ပင်ပန်းလိုက်တာသားရယ်။ သားကိုလဲ မေမေ သနားလိုက်တာ။ မေမေ့ကြောင့် ငါ့သားလေး ငါ့သားလေး။

အချိန်မီသိခွင့်ရခဲ့လို့သာ သားလေးလူညွန့်မတုံးသွားရရှာတာပါလား။ ကျောင်းပြီးဘွဲ့ရလာပြီဖြစ်တဲ့ သားရွှေပြည်စိုးကို ကိုဘအောင်အလုပ်တန်းသွင်းပေးပြီးမှ စိုးဟင်းချရပါတော့တယ်။ တစ်ဦးတည်းသောသားမွေးထားရလို့သာပေပဲ။ သားတွေအများကြီးမွေးထားခဲ့ရရင် စိုး အသက်တောင် ထွက်သွားရမလားမသိတော့ပါဘူး။

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

"သားရေ သား"

"ဟာဗျာ မေမေကလဲ တံခါးကို အဲဒီလောက်မခေါက်ပါနဲ့မေမေ"

"တံခါးကိုလော့ချပြီးတော့ ပိတ်မထားနဲ့လေသားရဲ့။ အိမ်မှာဘယ်သူမှရှိတာမှမဟုတ်တာ။ မေမေစိုးရိမ်တတ်တာလဲ သိလျက်နဲ့"

ပြောရင်း သားအခန်းထဲ ဟိုဒီလှည့်ပတ်ကြည့်ရသေးတာ။ သား ဆေးပြန်ချနေမှာစိုးတယ်လေ။

"သား ဘာမှမလုပ်ပါဘူးမေမေ"

"သားစကားပြောနေတာမေမေကြားလိုက်ပါတယ်။ ဘယ်သူနဲ့ပြောနေတာလဲ"

"အာ မပြောပါဘူးမေမေရဲ့။ မေမေနားကြားလွဲတာနေမှာ"

"အမေကိုမညာနဲ့နော်"

"မညာပါဘူးမေမေ"

"မညာရင်ပြီးတာပါပဲ။ ကဲ. . . ကဲ ထ သား ကြိုက်တဲ့ပုံးရည်ကြီးသုပ်နဲ့ ဝက်သားအချိုချက်၊ ကြက်သားကြံမဆိုင်ဟင်းတွေချက်ထားတယ်။ လာစားတော့"

"ဟုတ်မေမေ လာပြီ"

(၄)

"ကိုကြီး သားကလေ ညညဆို ဘယ်သူနဲ့ ဖုန်းပြောနေလဲမသိဘူး။ အသံတွေကြားနေရတယ်။ မေးကြည့်ပေးပါအုံး စိုးမေးတော့မပြောပါဘူးပဲ ပြောတာကိုကြီးရဲ့"

"ဒီကောင်ရည်းစားရနေလားမှ မသိတာ"

စာမျက်နှာ ၂၅သို့ ➤

# ပုသိမ်မြို့တွင် ကုန်စည်စီးဆင်းမှုများပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား ၂၁၃ ဦး အလုပ်အကိုင်ရရှိလာ



**ပုသိမ် ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကုန်တင်၊ ကုန်ချလုပ်သား ၂၁၃ ဦးထိ အလုပ်အကိုင် ပြန်လည်ရရှိလာကြောင်း ပုသိမ်မြို့ အလုပ်သမားများအဖွဲ့ခေါင်းဆောင် ကိုမျိုးကျော်ကျော်က ပြောပြ၍ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ လျော့ကျလာခြင်း၊ ကုန်စည်စီးဆင်းမှုများပြားလာခြင်းတို့ကြောင့် ယခင် အလုပ်နားခဲ့ကြရသော ကုန်တင်၊ ကုန်ချလုပ်သား ၂၁၃ ဦး နိုဝင်ဘာလအတွင်း အလုပ်အကိုင်ပြန်လည်ရရှိလာကြောင်း သိရသည်။

"ပုသိမ်မြို့ကနေ အခြားဒေသတွေကို ကုန်စည်စီးဆင်းမှုအားနေတယ်။ အောက်တိုဘာလကုန်လောက်ကနေ လက်ရှိအချိန်ထိ ကုန်စည်ပို့ဆောင် သယ်ယူအားကောင်းလာတော့ အလုပ်အကိုင်ပြန်လည်ရရှိတာဖြစ်တယ်။ ကုန်စည်ပို့ဆောင် သယ်ယူအားမရှိခဲ့တော့ မလုပ်မရှိဖြစ်ခဲ့ရတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ကုန်တင်၊ ကုန်ချလုပ်သား ၂၁၃ ယောက် အလုပ်အကိုင်ရရှိလာတယ်။ လတ်တလော ပို့ဆောင်သယ်ယူနေတဲ့ ကုန်စည်တွေထဲမှာ ဒေသထွက်ကုန်တွေများတယ်"ဟု ကိုမျိုးကျော်ကျော်က ပြောပြသည်။

ပုသိမ်မြို့မှ ရန်ကုန်၊ ပုသိမ်၊ ဒလ၊ မနုဖြူ၊ ဇလွန်၊ ငရုတ်ကောင်း၊ ငပုတော၊ ဟိုင်းကြီးကျွန်း၊ လပွတ္တာ၊ မအူပင်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ဒေးဒရဲ၊ ဝါးခယ်မ၊ ပန်းတနော်၊ မြန်အောင် စသည့်မြို့တို့သို့ ပို့ဆောင်ပြန်လည်သယ်ယူသည့်ကုန်စည်များ တစ်ရက်ထက်တစ်ရက် များပြားနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

---

➤ **စာမျက်နှာ ၂၄မှအဆက်**

'အို. . . မဟုတ်ဘူး၊ မဖြစ်နိုင်ပါဘူး။ စိုးသားကငယ်ပါသေးတယ်"

"အသက် ၂၅ နှစ်ဆို မငယ်တော့ဘူးလေစိုးရယ်။ တချို့တွေဆို အသက် ၂၀ လောက်နဲ့ အိမ်ထောင်ပြုကြတာအများကြီး"

"ဦးဖွ လွဲပါစေ ဖယ်ပါစေ။ စိုးသား ရည်းစားမထားတတ်ပါဘူး"

"ကဲပါ မိန်းမရယ် မေးကြည့်ပါအုံးမယ်"

သားရည်းစားထားနေတာမဟုတ်ပါစေနဲ့။ မတော်လို့ငါ့သားလေး မတော်တာတွေနဲ့တွေ့ပြီး အိမ်ထောင်ပြုခဲ့ရင် ငါ့သားလေးက အားနာတတ်ပြီး သဘောကောင်းလွန်းလှတဲ့သား။ မဖြစ်ပါစေနဲ့ ဘာမှ အို. . . ဆက်မစဉ်းစားတာဘဲကောင်းပါတယ်။ စိုး ရင်တွေပူလိုက်တာနော်။

"ဘာ"

"တိုးတိုးလုပ်ပါ မိန်းမရဲ့"

"သားနဲ့ကြိုက်နေတဲ့ကောင်မလေးက သားထက်ဆယ်နှစ်ကြီးများ တောင်ကြီးတယ် မဖြစ်ဘူး မဖြစ်ဘူး စိုးလက်မခံနိုင်ပါဘူး။ ဟိုကောင်မကလေးကို မုန့်ပေးကြိုက်တာနေမှာ၊ ရများသွားရင် သူက ငါ့သားကို ဆရာလုပ်မှာ"

"စိုးရယ် ဒါကြောင့် သားက မင်းကို မပြောရဲတာနေမှာ။ သားထက်အသက်ကြီးပေမဲ့ ဟိုက သားအထက်ကအရာရှိအပျိုကြီးတဲ့ မိဘတွေကလဲ ပြည့်စုံတဲ့အထဲက"

"သူတို့ဟာသူတို့ ဘယ်လောက်ပြည့်စုံပြည့်စုံ သားလေးကို နှိမ်ကြ၊ ညြဇာလုပ်ကြရင် စိုး လက်ခံမှာမဟုတ်ဘူးနော် စိုးနဲ့တွေ့ပြီးသားပဲ"

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

"မေမေ"

"မေမေမလုပ်နဲ့ ကဲ. . . ပြော။ မင်း အဲဒီကောင်မလေးကို တကယ်ကြိုက်တာလား။ မင်းထက်အသက်ကြီးတယ်ဆို၊ မင်းအထက်ကဆို"

"မေမေရယ် သားတို့ အခုမယူသေးပါဘူး။ ယူမယ်၊ လက်ထပ်မယ်ဆိုရင်တောင် မေမေ့ကိုပြောမှာပါ မေမေသဘောတူမှ"

"ကဲ. . . အခု မေမေသဘောမတူဘူးဆိုရင်ကော"

"အာ ဒါတော့ ဒါတော့ မေမေရယ်"

"ယူမှာပဲမဟုတ်လား"

ဆိတ်ဆိတ်နေတာဟာ ဝန်ခံတာတဲ့။ ဆိတ်ဆိတ်နေတဲ့သားဟာ ဝန်ခံနေပြီလား။

(၅)

နှစ်အနည်းငယ်ကြာပြီးနောက်မှာတော့ သားစိတ်တိုင်းကျ၊ သားသဘောကျ ဒါလီဆိုတဲ့မိန်းကလေးနဲ့လက်ထပ်ထိမ်းမြားပေးခဲ့ရပါတော့တယ်။ တစ်ဦးတည်းသောသားပေမဲ့လို့ အချိန်တန်အရွယ်ရောက်လာတော့လဲ မိဘတို့ဝတ္တရားအရ မဖြစ်မနေလက်ထပ်ပေးလိုက်ရတဲ့သားကိုတော့ စိုးစိတ်ထဲ အမြဲစိတ်မချ၊ သတိတရ။ သား အိမ်ကိုမလာလို့ ရက်အနည်းငယ်ကြာသွားရင် စိုးမနေနိုင်။ တစ်နေ့ သားလက်ထပ်ပြီးနောက် သားနေတဲ့အိမ်ကိုရောက်သွားခိုက် ဒေါ်စိုးစိုးရဲ့အာမေဋိတ်သံ-

"ဒါတွေဘယ်လိုဖြစ်တာလဲ။ သားက ဒါတွေ လုပ်နေရတာလား"

အိမ်ရှေ့မှာ တံမြက်လှည်း၊ ဖုန်လိုက်သုတ်နေတဲ့သား။

"မဟုတ် မဟုတ်ပါဘူးမေမေ။ မမဒါလီနေမကောင်းလို့ မမအစားသားလုပ်နေတာပါ"

"တော်ပြီ ရှင်းမပြနဲ့တော့။ မေမေကတော့ သားလေးကို ဖူးဖူးမှုတ်အလိုလိုက်၊ အိမ်မှာ ဘာမှမခိုင်းရက် မပြုရက်၊ စာကိုပဲ တစိုက်မတ်မတ်လုပ်ခိုင်းပြီး အရာရှိကြီးဖြစ်လာတဲ့သားက တံမြက်လှည်း၊ ဖုန်သုတ်လုပ်နေရရှာတာပါလား။ အီး ဟီး ဟီး"

"ဟာဗျာ မေမေကလဲ"

အိမ်ထဲမှာထိုင်ပြီး တီဗီကြည့်နေတဲ့ဒါလီ့အမျိုးကောင်မလေးတွေကို ဒေါ်စိုးစိုးလှည့်ပတ်ကြည့်ပြီးမှ-

"ငါ့သားကို ငွေကုန်ခံ ပညာတွေသင် ကျောင်းထားပြီး အရာရှိဖြစ်အောင်လုပ်ပေးထားတာ အိမ်မှာ တံမြက်လှည်း၊ ဖုန်သုတ်ပြီးခိုင်းစားဖို့မဟုတ်ဘူး။ ဘဝကိုသက်သက်သာသာဖြတ်သန်းရအောင်လို့၊ လုပ်မဲ့လုပ် ငါ့သားလုပ်ရမှာမဟုတ်ဘူး။ ငါ့သားအိမ်မှာကပ်နေတဲ့ ကပ်မြှောင်တွေလုပ်ရမဲ့အလုပ်။ ဘယ်မှာလဲဒါလီ ဒါလီထွက်လာခဲ့ပါအုံး"

"ဟို မေမေ"

"ဒါမိန်းမတွေလုပ်ရမဲ့အလုပ်အေ့ နေစမ်းပါအုံး ညည်းက ဘာဖြစ်လို့ သားကို လုပ်ခိုင်းရတာလဲ"

သားက-

"မဟုတ်ပါဘူးမေမေ။ မမဒါလီနေမကောင်းလို့ သားကအမြင်မတော်လို့ အားတဲ့အချိန်လေးလုပ်မိတာပါမေမေ"

"တော် ငါ့သားရှင်းပြစရာမလိုဘူး။ ဒီမှာနေနေတဲ့လူတွေက ဘာလဲ ငါ့သားအိမ်မှာနေ၊ ငါ့သားကျွေးတာစား၊ ငါ့သားရှင်းပေးတဲ့နေရာမှာ အခံ့သားနေနိုင်လိုက်ကြတာ။ အရှက်မရှိ၊ လက်မရှိ၊ ခန္ဓာနဲ့ပါးစပ်ပေါက်ပဲ ရှိနေကြသလိုလို ဟင်း ဘယ့်နှယ်တော် အမောပါဆို့တယ်။ လာငါ့သား အိမ်ပြန်လိုက်ခဲ့အုံး မင်းအဖေခေါ်နေတယ်"

မလိုက်ချင်လိုက်ချင်လုပ်နေတဲ့သားကိုခေါ်လာပြီး ဒေါသထွက်မိတဲ့ ဒေါ်စိုးစိုး အိမ်ပြန်ရောက်တာနဲ့ အိပ်ရာထက်မှာလှဲလိုက်တော့ မျက်ရည်တို့က တတောက်တောက်ကျလာတော့တယ်။

သားခမျာ သူ့အဖေနဲ့စကားပြောရင်းမျက်နှာငယ်။ ညနေစောင်းသော်။

"မေမေ မေမေ"

"အင်း"

"မေမေ မမဒါလီလာတယ်"

ဒေါ်စိုးစိုးဘေးမှာ ဒါလီနဲ့ သားရွှေပြည်စိုး။

"မေမေ နေ့လယ်ကလေ ဒါလီနေမကောင်းလို့။ နေမကောင်းတာကလဲ ဟို မောင် မောင် ရဲ့ရင်သွေးလေးလွယ်ထားရလို့ ဒါလီတအားအန်နေတာနဲ့ အိပ်ရာထဲလှဲနေမိတာ။ အဲဒါကို မောင်က အိမ်မှာရှုပ်နေတဲ့ အမှိုက်တွေ မျက်စိနောက်လို့ဆိုပြီး သူဘာသာလှည်းတာ။ ဒါလီ့တူမတွေလဲ မေမေ့ကြောက်ပြီးပြန်သွားကြပါပြီ။ အဲဒါ ဒါလီ မောင့်ကို ပြန်လာခေါ်တာ မနက်ဖြန်ရုံးတက်ရအုံးမှာမို့"

"အေးပြန်ခေါ်သွား ငါလဲပြောချင်တာမဟုတ်ပေမဲ့ မသိတတ်တဲ့သူတွေကိုသိထားရအောင်ပြောလိုက်တာ"

ဒါလီက-

"ဟုတ်ကဲ့ပါမေမေ"

သားက-

"ဟုတ်ကဲ့ပါမေမေရဲ့။ မေမေ သားအပေါ်မှာထားတဲ့မေတ္တာကို သားအလေးထားပါတယ်။ သား မမဒါလီနဲ့ပြန်လိုက်သွားတော့မယ်နော်"

"သွားတော့ သွားတော့"

ဒေါ်စိုးစိုးတစ်ဖက်ပြန်လှည့်လိုက်ပြီး အသာအယာပြုံးမိလိုက်ပါတော့တယ်။

ဒါလီနဲ့ ဒါလီ့တူမတွေအဖို့ စိုးဟာ မိန်းမကြမ်းကြီးတစ်ယောက်ပေပေါ့။ ဒါပေမဲ့လဲ လိမ္မာသဘောကောင်း၊ အားနာတတ်တဲ့သားအတွက်ကတော့ စိုးဟာ မဟာတံတိုင်းကြီးဖြစ်ခွင့်ရခဲ့တာကို ကျေနပ်နေမိရတော့တယ်။ သားသိသိ၊ မသိသိပေါ့။ သူများတကာတွေ စိုးကို မုန်းရင်မုန်းပါစေ။ သားပြုံးနေရရင် ကျေနပ်တယ်။ သားစိတ်ချမ်းသာမှသာ စိုးနေပျော်တယ်။ ညောင်ခန်းထဲက ကိုဘအောင်ရဲ့ လုပ်ပြီးဟန့်လိုက်တဲ့ ချောင်းဟန့်သံကို နားထောင်မိတာနဲ့အမျှ ကိုဘအောင်လဲ ရယ်ချင်ပက်ကျိ သဘောကျနေမယ်ဆိုတာ စိုး အသေအချာသိနေမိပါတော့တယ်။

---

## တို့မိသားစု

\- အပြန်အလှန် စဉ်းစား
အငြင်းပွားတဲ့ အကြောင်းအရာ၊
အပြန်အလှန် သုံးသပ်
ဆုံးဖြတ်သေချာ၊
ပေါင်းစုလို့ အဖြေရှာ
ပြဿနာကို တို့ဖြေရှင်း၊
သူ့အမြင် ကိုယ့်အတွေး
ဆွေးနွေးကြရင်း။

\- မိသားစုဥယျာဉ်တွင်း
ချစ်ခြင်းတို့ လန်းဖြာဝေ၊
မေတ္တာရေ ပက်ဖျန်းလို့
အေးချမ်းကြပေ၊
ညီအစ်ကို မောင်နှမတွေ
စည်းလုံးနေ မကွဲပြား၊
ဘေးရန်အပေါင်း ဖယ်ရှားမဲ့
မိသားစုအား။

\- တို့တွေရဲ့ မိသားစုကြား
တစ်ပါးသူ မဝင်စေ၊
သူစိမ်းလူ ဘေးခွဲလည်း
သွေးမကွဲပေ၊
သွေးထိုးတဲ့ စကားတွေ
ကြားနေလည်း နားမယောင်သွား၊
တို့မိသားစု ညီညွတ်မှုကို
စံပြုလို့ထား။ ။

**ထက်သခင်(သုံးဆယ်)**

---

# မိုးညှင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဆောင်ရွက်နေမှု စစ်ဆေး

**မိုးညှင်း ဒီဇင်ဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နန့်လှိုင်ကျေးရွာ၌ ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးနေမှု အခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နန့်လှိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကော်မတီဝင်များနှင့်အတူ စိုက်ဧက ၁၆၂ ဒသမ ၅ ဧကတွင် ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ညောင်ကုန်းကျေးရွာ၊ နန့်လှိုင်ကျေးရွာနှင့် ထန်းတပင်ကျေးရွာသုံးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ Type-3 အမျိုးအစားကျေးရွာဖြစ်သည့် နန့်လှိုင်ကျေးရွာ၌ နေကြာစိုက်ပျိုးမည့်တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့နှင့် သွင်းအားစုများဝယ်ယူသုံးစွဲနိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မြန်မာငါးများအကြောင်း တစေ့တစောင်း(ငါးလိပ်ကျောက်)

မန်းတင့်မော်



ချင်းတွင်းရေချို ငါးလိပ်ကျောက်ကို တွေ့ရစဉ်။

နတ်တော်လသို့ရောက်ရှိခဲ့ရာ ဆောင်းဝင်ခဲ့ပြီ။ တန်ဆောင်မုန်းလတွင် မြန်မာ့ရေချိုငါးများ အင်းအိုင်များတွင် ဝင်ရောက်ခြင်း၊ မြစ်ရေ၊ ချောင်းရေများ ကျဆင်းသွားခြင်းတို့ကြောင့် ငါးဖမ်းရာတွင် အမိများလေ့ရှိသည်။ ငါးပေါများစွာရရှိပြီး ဈေးကွက်တွင်လည်း ငါးများစွာဝင်ရောက်လေ့ရှိသည်။ ငါးပေါများသည့်အတွက် မြန်မာတို့က "တန်ဆောင်မုန်းငါး ခွေးမစား"ဟူ၍ပင် ဆိုခဲ့ကြသည်။

သို့သော် စာရေးသူနှင့် လက်လှမ်းမီရာဈေးများတွင် စနည်းနာသောအခါ အထက်ပါအဆို မမှန်ကန်တော့ကြောင်း ခန့်မှန်းမိလာရသည်။ မြန်မာငါးများ ရှားပါးလာပြီဟု အခြေခံကောက်ချက်ဆွဲနိုင်ပါလိမ့်မည်။ လူမှုကွန်ရက်စာမျက်နှာများကို ဖြန့်ကြက်လေ့လာရာတွင်လည်း အိမ်နီးချင်းနိုင်ငံများ၏ ငါး(ရေချို၊ ရေငန် နှစ်မျိုးစလုံး)ထွက်ရှိမှုကျဆင်းနေသော သတင်းများကိုဆက်တိုက်ဖတ်ရှုရရာ မိမိနိုင်ငံတစ်ခုတည်းသာ ကွက်၍ ငါးထွက်ရှိမှုလျော့နည်းနေခြင်း မဟုတ်ကြောင်း နှိုင်းယှဉ်သိရှိနိုင်သည်။ ငါးအပါအဝင် ရေနေသက်ရှိများ တစ်စတစ်စလျော့ပါးလာရခြင်း အကြောင်းရင်းမှာ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းကြောင့်ဟူ၍ အများသိထားကြသည်။

သဘာဝပတ်ဝန်းကျင်ဟုဆိုရာတွင် ရေနေသက်ရှိများအတွက် ရေပတ်ဝန်းကျင်က အဓိကအရေးပါလျက်ရှိသည်။ ရေ၏အရည်အသွေးက ရေနေငါးများ၏ အသက်ရှင်သန်မှုကို အထောက်အကူပြုနိုင်ရပါမည်။ ရေနေသဘာဝပေါက်ပင်များကလည်း ငါးများအတွက် ခိုလှုံရာနေရာများအဖြစ်လည်းကောင်း၊ ဥချသားပေါက်ရာအတွက်လည်းကောင်း အမြဲပေါက်ရောက်နိုင်ရမည်။ ရေနေငါးများအတွက် အစာဖြစ်သော ရေညှိရေမှော်ပင်များကလည်း စဉ်ဆက်မပြတ်ရှိနေရမည်။ ရေနေငါးနှင့် ရေပေါက်ပင်တို့မှာ အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ ငါးတို့စွန့်ပစ်သော အညစ်အကြေးတို့မှာ ရေနေအပင်တို့အတွက် အာဟာရဖြစ်စေခြင်းမျိုးရှိသကဲ့သို့ ရေနေအပင်တချို့ကလည်း ငါးတို့အတွက် အစာဖြစ်စေသည်။ ငါးများတွင် သီးရွက်စားငါးများရှိသကဲ့သို့ အသားစားငါးမျိုးလည်းရှိရာ အသားစားငါးများအတွက် ရေချို၊ ရေငန်နေသတ္တဝါငယ်များ(ငါး၊ ပုစွန်၊ ကဏန်းနှင့် အင်းဆက်များ) ကလည်း ရှင်သန်ပေါက်ဖွားတည်ရှိနေရပါမည်။ အစာကွင်းဆက် သို့မဟုတ် အစာကွန်ရက်က မပြတ်သံသရာလည်ပတ်နေမှသာ သက်ရှိနှင့် ပတ်ဝန်းကျင် သဟဇာတဖြစ်နေမည်။

ရေနေငါးတို့၏ သဘာဝတစ်ရပ်မှာ ဆောင်းရာသီတွင် ဆောင်းခိုရန်နေရာပြောင်းရွှေ့တတ်ခြင်းများလည်းရှိသည်။ ထိုအလေ့အထကို မြန်မာငါးများတွင်လည်း တွေ့ရှိနိုင်သည်ဆိုသော်လည်း ရာနှုန်းနည်းပါးသည်။ မြန်မာနိုင်ငံမြောက်ဖျားစွန်းရေခဲတောင်ဒေသရှိ ချောင်းငယ်၊ မြစ်ငယ်များ၌ ဆောင်းရာသီတွင် ရေခဲသဖြင့် ပူနွေးရာ ရေခဲပြင်အောက်ရှိ ရေတွင် ခေတ္တခဏနားခိုခြင်းများသာရှိသည်။ ကျန်ဒေသများတွင် ရေချို၊ ရေငန်ငါးနှစ်မျိုးစလုံး ဆောင်းခိုခြင်းကို မတွေ့ရပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံက ကမ္ဘာ့အပူပိုင်းဒေသတွင်း၌ တည်ရှိနေ၍ဖြစ်သည်။ မှတ်သားရန်အချက်တစ်ခုမှာ မြန်မာငါးများတွင် ရာသီဥတုပူပြင်းသော နွေရာသီတွင် "နွေအောင်းခြင်း" ကို ပြုမူလေ့ရှိသည်။ ငါးပြေမ၊ ငါးချူ၊ ငါးကျည်းနှင့် ငါးရံ့တို့က နွေအောင်းတတ်ကြသည်။ ရေကျ၍ အပေါ်ယံမြေလွှာခြောက်သွေ့သောအခါ အောက်အစိုဓာတ်ရှိရာ မြေတွင်းများတွင် နေထိုင်သည်။ ထိုသို့နေထိုင်ခြင်းကို အရပ်ဒေသအခေါ်အားဖြင့် "ထူးကျင်းခတ်သည်"ဟု ခေါ်ဆိုကြောင်း မှတ်သားရသည်။ နွေရာသီကုန်ဆုံး၍ မိုးရာသီရောက်သောအခါ တွင်းများမှ ပြန်ထွက်လာလေ့ရှိသည်။ ငါးဖမ်းကျွမ်းကျင်သူ၊ အတွေ့အကြုံများသူများက နွေအောင်းသောငါးများ၏ တည်ရှိရာနေရာကို ခန့်မှန်းနိုင်ကြသည်။ ကြက်ဥအကာအနှစ်ရည်နှင့် ဖျော်ရည်တစ်မျိုးမျိုးကို အသုံးပြု၍လည်း ဖမ်းဆီးတတ်ကြသည်။ သွားတိုက်ဆေးနှင့် ဆပ်ပြာကဲ့သို့သော ဓာတုဗေဒပစ္စည်းများကိုလည်း အသုံးပြုကြောင်း တွေ့ရသည်။

ငါးများကိုအခြေခံအားဖြင့် ရေချိုငါးနှင့် ရေငန်ငါးဟု အများသိခွဲခြားနိုင်သော်လည်း သိပ္ပံနည်းကျမျိုးခွဲရာတွင် အရိုးနုငါးနှင့် အရိုးမာငါးဟူ၍ နှစ်မျိုးပြဆိုသည်။ အရိုးနုငါးအားလုံးနီးပါးသည် ရေငန်နေငါးများဖြစ်ကြသည်။ ငါးမန်း၊ ငါးလိပ်ကျောက်အုပ်စုများဖြစ်ကြသည်။ ထူးခြားချက်အနေဖြင့် ငါးလိပ်ကျောက်အုပ်စုများတွင် မျိုးစိတ်အလိုက် ရေချို၌တွေ့ရှိရခြင်းဖြစ်သည်။ အရွယ်အစားအမျိုးမျိုးရှိသော ရေငန်ငါးလိပ်ကျောက်များကမူ မြန်မာပိုင်နက်ပင်လယ်ပြင်တွင် အများအပြားကျက်စားလျက်ရှိသည်။ ရေချိုငါးလိပ်ကျောက်မျိုးစိတ်အနည်းငယ်ကို ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း တွေ့ရှိနိုင်၏။

ကမ္ဘာပေါ်တွင် ငါးသတ္တဝါများ စတင်ပေါ်ပေါက်ခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀၀ ခန့်က ဖြစ်ကြောင်း ဘူမိသက်တမ်းတွက်ချက်မှုအရသိရသည်။ အရိုးနုငါးက အရိုးမာငါးထက် စောစွာပေါ်ပေါက်ခဲ့ကြောင်းလည်း မှတ်သားမိသည်။ ငါးလိပ်ကျောက်များကို သိပ္ပံနည်းကျမျိုးခွဲလျှင် အရိုးနုငါးမျိုးရင်းဝင် Rajiformes တွင်ပါဝင်သည်။ ငါးမန်းနှင့်မျိုးစဉ်တူသော်လည်း ပြင်ပလက္ခဏာကွဲလွဲသည်။

ငါးလိပ်ကျောက်မှာ အခြားငါးများနှင့် ပုံသဏ္ဌာန်မတူဘဲ ခန္ဓာကိုယ် အထက်နှင့်အောက်ပိုင်းပြားသည်။ ဆူးတောင်များကလည်း ခန္ဓာကိုယ်ဘေးဘက်တွင် ရင်ပိုင်းဆူးတောင်များ ဘေးဘက်ပြား၍ ကားထွက်လျက်ရှိသည်။ ခန္ဓာကိုယ်စွန်ပုံသဏ္ဌာန် သို့မဟုတ် ယပ်တောင်ပုံအဝိုင်းသဏ္ဌာန်မျိုးလည်းရှိသည်။ ကျောဘက်ဆူးတောင် အမြီးရင်းနားတွင်ရှိ၍ စအိုဆူးတောင်မရှိပါ။ ငါးလိပ်ကျောက်မျိုးစိတ်တစ်မျိုးဖြစ်သော လိပ်ကျောက်တံခွန်၏အမြီးတွင် လိပ်ကျောက်ဆူးပါ၍ ၎င်းဆူးဖြင့် အထိုးခံရလျှင် အဆိပ်တက်နိုင်သည်။ ဆူးတစ်ချောင်းပါလျှင် တစ်ပင်တိုင်၊ နှစ်ချောင်းပါလျှင် နှစ်ပင်တိုင်၊ သုံးချောင်းပါလျှင် သုံးပင်တိုင်ဟု ခေါ်ဝေါ်နိုင်သည်။ သုံးပင်တိုင်က အဆိပ်အပြင်းဆုံးဖြစ်ပြီး ၎င်းဆူးများအထိုးခံရလျှင် အကြောသေသွားသည်ထိ ခံစားရနိုင်သည်။ လျှပ်စစ်လိပ်ကျောက်တစ်မျိုးက စားမည့်သားကောင် သို့မဟုတ် ရန်သူကို ဓာတ်လိုက်စေသည်။ လိပ်ကျောက်လျှပ်စစ်ဓာတ်အားက လူတစ်ယောက်ကို သေစေနိုင်သည်ထိ ပြင်းထန်သည်ဟု ဆိုသည်။ ခြုံ၍ဆိုရလျှင် လိပ်ကျောက်ဆူးထိုးမိပါက အလွန်နာကျင်ခြင်း၊ အဆိပ်တက်ခြင်း၊ ကြွက်တက်ခြင်း၊ နှလုံးခုန်မြန်ခြင်းများဖြစ်ပေါ်၍ အသက်အန္တရာယ်ရှိသည်ထိ ဆိုးရွားနိုင်သည်။

ကမ္ဘာ့အရိုးနုငါးစာရင်းတွင် ငါးလိပ်ကျောက်မျိုးစိတ် ၅၃၉ ခုရှိသည်။ အရွယ်အစားအမျိုးမျိုးရှိသည်။ အရွယ်အငယ်ဆုံးမှာ ခြောက်လက်မခန့်မှ ၁၀ ပေခန့်ထိရှိသည်။ ပင်လယ်ငါးလိပ်စွန်တစ်ကောင်၏ ခန္ဓာကိုယ်အစွန်းနှစ်ဖက်မှာ ၂၂ ပေခန့်ထိ ရှည်နိုင်သည်။ မြန်မာငါးလိပ်ကျောက်အမျိုးအမည်များမှာ ဒေသအလိုက် အခေါ်အဝေါ်များစွာရှိနေသည်။ ၎င်းတို့မှာ လိပ်ကျောက်တံခွန်၊ လိပ်ကျောက်တင်မဲ၊ လိပ်ကျောက်နှာမောင်းတို၊ လိပ်ကျောက်စွန်မောင်ရှင်၊ လိပ်ကျောက်စွန်မီးသောက်နှင့်လိပ်ကျောက်ကျားကြီးတို့ဖြစ်ကြောင်း သိရသည်။

ငါးလိပ်ကျောက်များမှာ ရေငန်တွင် မျိုးစိတ်အများဆုံး နေထိုင်ကျက်စားကြသော်လည်း ရေချိုတွင် မျိုးစိတ်အနည်းငယ်တည်ရှိကြောင်း မှတ်သားမိသည်။ ဧရာဝတီမြစ်တွင် ငါးလိပ်ကျောက်နှင့် ငါးလိပ်စွန်များရှိခဲ့ကြောင်း မှတ်တမ်းများက ဆိုသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ ချင်းတွင်းမြစ်၌သာနေထိုင်ကျက်စားသော မြန်မာ့မျိုးရင်းငါးမျိုးစိတ်တစ်မျိုးတွေ့ရှိထားမှုကလည်း ဂုဏ်ယူဖွယ်ဖြစ်သည်။ ထိုငါးလိပ်ကျောက်ကို ၂၀၁၈ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) တို့ ပူးပေါင်းလေ့လာခဲ့သော ရေချိုငါးလေ့လာရေးခရီးစဉ်တွင် ပြန်လည်တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။ မျိုးစုအမည် Makararaja ဖြစ်ပြီး မျိုးစိတ်အမည်မှာ ချင်းတွင်းမြစ်ကိုအစွဲပြု၍ Chindwinensis ဟု မှည့်ခေါ်ခဲ့သည်။

ငါးလိပ်ကျောက်အမျိုးမျိုးကို အစိုအတိုင်း ဒေသဆိုင်ရာဟင်းလျာများအဖြစ် အမျိုးမျိုးချက်ပြုတ်ကြော်လှော်စားသုံးလေ့ရှိကြသည်။ အရွယ်ကြီးငါးလိပ်ကျောက်များကို ငါးခြောက်ပြုလုပ်လေ့ရှိသည်။ အရွယ်ငယ်ငါးလိပ်ကျောက်များကို အခြောက်လှန်းပြီး ဈေးကွက်တွင် "စမတ်ခြောက်"ဟု ခေါ်ဝေါ်ပြီး ငါးမုန့်ကဲ့သို့ ကြော်စား၊ သုပ်စားလေ့ရှိသည်။ ငါးလိပ်ကျောက်ကျပ်တိုက်ကြော်ကို စားသုံးပါက အနံ့အရသာထူးကဲလှသည်ဟု ဆိုသည်။ ခရုသင်းရောဂါရှိသူများ၊ မီးနေသည်များ၊ သွေးတိုးရောဂါရှိသူများနှင့် ရောဂါအခံရှိသူများစားသုံးရန်မသင့်ကြောင်း ညွှန်းဆိုချက်များလည်းရှိသည်။

ငါးလိပ်ကျောက်ကျောကုန်းမှရသော ဆူးတောင်နှင့် အမြီးဆူးတောင်တို့ကို ရေနွေးဆူဆူနှင့်ပြုတ်လျှင် အဆိပ်ထုတ်ပြီးဖြစ်၍ ဆီးဆေးနှင့် ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုနိုင်ကြောင်းလည်း သိရသည်။ ငါးလိပ်ကျောက်အရေခွံကို လက်ကိုင်အိတ်၊ ခါးပတ်၊ ဓားရိုး၊ ရှူးဖိနပ်၊ ဖုန်းအိတ်၊ ဂျာကင်အင်္ကျီ စသည်တို့တွင်အသုံးပြု၍ တန်ဖိုးမြင့်လူသုံးကုန်များအဖြစ် နိုင်ငံတကာတွင် မျက်နှာပန်းလှလျက်ရှိရာ ငါးလိပ်ကျောက်ဖမ်းဆီးမှုမှာ မြင့်တက်လျက်ရှိသည်။

ယခုအခါ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုအရ ငါးလိပ်ကျောက်အပါအဝင် ရေချို၊ ရေငန်သယံဇာတ(ငါး)များ လျော့ပါးပျောက်ကွယ်လျက်ရှိရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာ အားလုံး၏တာဝန်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

❖ ငါးများကိုအခြေခံအားဖြင့် ရေချိုငါးနှင့် ရေငန်ငါးဟု အများသိခွဲခြားနိုင်သော်လည်း သိပ္ပံနည်းကျမျိုးခွဲရာတွင် အရိုးနုငါးနှင့် အရိုးမာငါးဟူ၍ နှစ်မျိုးပြဆိုသည်။ အရိုးနုငါးအားလုံးနီးပါးသည် ရေငန်နေငါးများ ဖြစ်ကြသည်။ ငါးမန်း၊ ငါးလိပ်ကျောက်အုပ်စုများဖြစ်ကြသည်။ ထူးခြားချက်အနေဖြင့် ငါးလိပ်ကျောက်အုပ်စုများတွင် မျိုးစိတ်အလိုက် ရေချို၌ တွေ့ရှိရခြင်းဖြစ်သည်။ အရွယ်အစားအမျိုးမျိုးရှိသော ရေငန်ငါးလိပ်ကျောက်များကမူ မြန်မာပိုင်နက်ပင်လယ်ပြင်တွင် အများအပြားကျက်စားလျက်ရှိသည်။ ရေချိုငါးလိပ်ကျောက်မျိုးစိတ်အနည်းငယ်ကို ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း တွေ့ရှိနိုင်၏။ ❖

**ကိုးကား** -

၁။ Inland Fishes of Myanmar

၂။ ကြေးမုံသတင်းစာ အောက်တိုဘာ ၅ ရက် ၂၀၂၀။

# မြန်မာနိုင်ငံမှ ပြည်ပသို့ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ဆန်တန်ချိန် ၁၁၀၀၀၀ ကျော်ထိ တင်ပို့ထား



**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဆန်တင်ပို့မှု ယခုနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိကာလအတွင်း ဆန်တန်ချိန် ၁၁၀၀၀၀ ကျော်ထိ တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်ထံမှ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဆန်ကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှု MoU ဖြင့် ဆန်တန်ချိန် နှစ်သိန်းတင်ပို့လျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ဆန်တန်ချိန် ၁၁၀၀၀၀ ကျော်ထိ တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလ ဆန်းကစလို့ ဘင်္ဂလားဒေ့ရှ်ကို ဆန်ဖြူတန်ချိန်နှစ်သိန်း တင်ပို့နေတာဖြစ်ပြီး အရောင်းအဝယ်စာချုပ်အရ အခု ဒီဇင်ဘာလကုန်ထိ သုံးလအတွင်း တင်ပို့ရမှာပါ။ လက်ရှိတင်ပို့မှု အခြေအနေအရ တန်ချိန် ၁၁၀၀၀၀ ကျော်ကို တင်ပို့ပြီးပါပြီ။ တန်ချိန် ၁၀၀၀ ကျော်ကတော့ ဆိပ်ကမ်းမှာ သင်္ဘောတင်နေပါတယ်"ဟု ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

ထို့ပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှု MoU အရ မြန်မာနိုင်ငံမှ မြန်မာ့ပေါင်းဆန် တန်ချိန် ၅၅၀၀၀ ကျော်ကို တင်ပို့ရမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ပေါင်းဆန်တင်ပို့နိုင်ရန် ပြင်ဆင် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာ့ဆန်ဖြူကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဒေါ်လာခန့်ဖြင့် သတ်မှတ်ဝယ်ယူနေပြီး မြန်မာနိုင်ငံက ငွေလက်ငင်းစနစ်ဖြင့် ရောင်းချနေခြင်းဖြစ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခွင့် ခွဲတမ်းကို မြန်မာကုမ္ပဏီ ၃၀ ကျော်က ရရှိထားကြောင်း။ ASH

# တန့်ယန်းမြို့နယ် နမ့်ပါမုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တန့်ယန်းမြို့နယ် နမ့်ပါမုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့်စီမံကိန်း တာဝန်ခံဝန်ထမ်းများက နမ့်ပါမုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

နမ့်ပါမုန်းကျေးရွာ၌ အရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅၀ ဒသမ ၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၀ ဒသမ ၇ သိန်းဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် နမ့်ပါမုန်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# နောင်ချိုမြို့နယ် ကုန်းစုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နောင်ချို ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ချိုမြို့နယ် ကုန်းစုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကုန်းစုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ နှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ကုန်းစုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးအတွက် ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းထံမှ သိရသည်။

**နံ့လာ**

# သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဒီဇင်ဘာ ၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်သည့် ရွှေညောင်ပင်ကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များအား စီမံကိန်းလည်ပတ်ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးအတွက်ငွေကျပ် ၂၆၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအတွက်ငွေကျပ် ၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ အတွက် ငွေကျပ် ၆၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၇ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၆၄၁၄ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၆၄၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် အစေ့ထုတ်ပြောင်း ဧက ၁၂၆၀ နှင့် ပူးစားပြောင်း ၇၅၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၆၄၁၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ပူးစားပြောင်းဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပြီးသွားပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတွေက အသိပညာပေး ဆောင်ရွက်နေတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၅၈ ဧက၊ ပူးစားပြောင်း ၁၅၆၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၂၁ ဧက၊ ပူးစားပြောင်း ၃၇၆၇ ဧက စုစုပေါင်း အစေ့ထုတ်ပြောင်း ၁၀၇၉ ဧကနှင့်ပူးစားပြောင်း ၅၃၃၅ ဧက ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

မီးမှန်သမျှ သုံးတတ်က
မချမ်းသာ စဉ်ကင်းဝေး

# ချစ်စရာအရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဆင်ပြောင်ကြီးနှင့် နွားချေးပိုး

"ဟာ. . . သားတို့ သမီးတို့ ရောက်လာကြပြီလားကွဲ့"

"ဟုတ်ကဲ့ဘိုးဘိုး။ သားတို့၊ သမီးတို့က ဘိုးဘိုးရဲ့ ပုံပြင်လေးတွေနားမထောင်ရတာကြာတော့ နားထောင်ချင်လို့ လာကြတာဘိုးဘိုးရေ့"


"ဟေ. . . သားတို့ သမီးတို့က နားထောင်ရုံပဲလား။ လိုက်နာဖို့ကော မပါကြဘူးလားကွဲ့"

"ပါပါတယ်ဘိုးဘိုး"

"အေးကွယ် သာဓု သာဓု သာဓု။ ကဲ. . . ကဲ. . . ဒါဆို ဘိုးဘိုးက သားတို့၊ သမီးတို့ကို ပုံပြင်လေး တစ်ပုဒ် ပြောပြရမှာပေါ့ကွယ်။ ပုံပြင်လေးက ဒီလိုကွဲ့-

ဟိုးရှေးရှေးတုန်းက အင်္ဂတိုင်းသားတွေနဲ့ မဂဓ တိုင်းသားတွေဟာ တစ်တိုင်းနဲ့တစ်တိုင်း ရင်းနှီးချစ်ခင်စွာနဲ့ ကူးလူးဆက်ဆံမှုတွေ ပြုခဲ့ကြသတဲ့ကွယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ အင်္ဂတိုင်းသားတချို့နဲ့ မဂဓ တိုင်းသားတချို့တို့ဟာ တိုင်းနှစ်တိုင်းရဲ့ နယ်စပ်ဒေသ တစ်ခုမှာရှိတဲ့ ရေအိုင်ကြီးတစ်အိုင်ရဲ့ အနီးအပါးမှာ ခေတ္တနားနေကြပြီး သူတို့ဟာ အရက်သေစာတွေနဲ့ အမဲသား၊ ငါးတို့ကို စားသောက်ကြတယ်။ မနက်ကျတော့ လှည်းတွေကပြီး ခရီးဆက်ကြသတဲ့ကွယ်။ အဲဒီအခါ နွားချေးပိုးတစ်ကောင်က မစင်နံ့ရလို့ လိုက်ရှာရင်း လိုက်ရှာရင်းနဲ့ ခရီးသွားတဲ့လူတွေရဲ့ စားကြွင်းစားကျန်တွေ သောက်ကြွင်းသောက်ကျန်တွေကိုယူပြီး သောက်စားပစ်လိုက်သတဲ့ကွယ်။ အဲဒီအချိန်မှာ မူးပြီး မစင်ပုံပေါ်ကို ပြေးတက်သွားသေးသတဲ့။ အဲဒီ သူတက်လိုက်တဲ့မစင်ပုံက စိုနေတော့ သွားလိုက်တိုင်း သွားလိုက်တိုင်းမှာ ချိုင့်ဝင်ချိုင့်ဝင် သွားတာပေါ့ကွယ်။ အဲဒါကို သူက "ဒီမြေကြီးကလဲကွာ ငါ့ခန္ဓာကိုယ် သေးသေးလေးတောင် ထမ်းမထားနိုင်ပါလား"ဆိုပြီး ကြုံးဝါးလိုက်သတဲ့ကွယ်။

အဲဒီလို သူကြုံးဝါးပြီး မကြာမီမှာပဲ မုန်ယိုနေတဲ့ ဆင်ပြောင်ကြီးတစ်ကောင်ဟာ အဝေးကနေ သူ့အနားကို ရောက်လာသတဲ့။ နောက်တော့ မစင်အနံ့နံတယ်



ဆိုပြီး အလျင်အမြန်ပဲ ပြန်ထွက်သွားသတဲ့ကွယ်။ ဒါကို မြင်တဲ့ နွားချေးပိုးက "ဒီဆင်ပြောင်ကြီး ငါ့ကို ကြောက်လို့ ထွက်ပြေးသွားတာပဲ"လို့ ထင်မှတ်ပြီး ငါ ဒီဆင်ပြောင်ကြီးနဲ့ နပန်းလုံးရရင် ကောင်းမှာပဲလို့ စဉ်းစားမိသတဲ့။ အဲဒါနဲ့ သူက ဆင်ပြောင်ကြီးကို

"ဗျို့ ကိုဆင်ပြောင်ကြီး ခင်ဗျားသာ သတ္တိလဲရှိ၊ ဇွဲလုံ့လလဲရှိမယ်ဆိုရင် တိုက်ရည်ခိုက်ရည်လဲရှိ၊ သတ္တိလဲရှိတဲ့ ကျုပ်နဲ့တွေ့ပြီး နောက်ပြန်လှည့်စရာအကြောင်း မရှိဘူး။ ဘာလို့ ကျုပ်နဲ့ နပန်းမလုံးဘဲ ထွက်ပြေးသွားရတာလဲ။ ကျုပ် ခင်ဗျားကို တစ်ကြိမ်ထိုးသတ်လိုက်ပြီဆိုတာမှတ်ထား။ ဗျို့ ကိုဆင်ပြောင်ကြီး နောက်တစ်ခါ ပြန်လာခဲ့အုံးနော်။ ခင်ဗျားနဲ့ ကျုပ်တို့ရဲ့ ဇွဲ၊ လုံ့လ၊ သတ္တိကို ဒီမှာရှိတဲ့ အင်္ဂတိုင်းသားနဲ့ မဂဓ တိုင်းသားတွေ သိသွားအောင် ပြလိုက်ကြအုံးစို့ဗျာ"လို့ နွားချေးပိုးက စိန်ခေါ်လိုက်သတဲ့ကွယ်။

အဲဒီအခါ ဆင်ပြောင်ကြီးက နွားချေးပိုးဆီ ချက်ချင်းရောက်လာပြီး-

"ဟဲ့ ချေးစားပိုး နင့်ကို ငါ့ခြေ၊ ငါ့အစွယ်၊ ငါ့နှာမောင်းတွေနဲ့ သတ်ဖို့မတန်ဘူး။ နင့်ကို မစင်နဲ့သာ ဖို့သတ်လိုက်မယ်။ နွားချေးပိုး ချေးပုံထဲမှာပဲ သေပေတော့"ဆိုပြီး ကြိမ်းဝါးရင်း နွားချေးပိုးကောင်အပေါ်ကို မစင်နဲ့ ကျင်ငယ်ကိုပါစွန့်ချလိုက်သတဲ့ကွယ်။ အဲဒါနဲ့ နွားချေးပိုးလေး မချိမဆံ့နဲ့ ချေးပုံထဲမှာပဲ သေသွားရရှာသတဲ့ကွယ်"

ကဲ. . . သားတို့၊ သမီးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ သားတို့၊ သမီးတို့လဲ အခုဘိုးဘိုးပြောပြတဲ့ပုံပြင်လေးထဲက နွားချေးပိုးလေးလို ကိုယ့်ကိုယ်ကိုယ် လုံးဝအထင်မကြီးမိကြပါစေနဲ့ကွယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာဟာ ကိုယ့်ဘဝကို ပြန်ပြီးသတ်လိုက်တာပါပဲ။ အဝေးကိုတော့ မှန်ဘီလူးနဲ့ ကြည့်ချင်ကြည့်ပါ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ မှန်ဘီလူးနဲ့ မကြည့်ပါနဲ့။ အထင်ကြီးတဲ့စိတ်တွေဖြစ်လာတတ်ပါတယ်ကွယ်။ အဲဒီလိုဖြစ်လာတဲ့အခါ အရာရာဆုံးရှုံးနစ်နာမှုတွေပဲ ထပ်ကာထပ်ကာရောက်လာတတ်ပါတယ်နော် သားတို့၊ သမီးတို့။ ဒီတော့ ကိုယ့်ဘဝ ကိုယ်သိပြီး အထင်ကြီးတဲ့စိတ်တွေမရှိအောင်၊ အထင်ကြီးတဲ့စိတ်တွေမဖြစ်အောင် ပြုစုပျိုးထောင်နိုင်တဲ့ သားကောင်း၊ သမီးကောင်းလေးတွေဖြစ်အောင် ကြိုးစားအားထုတ်ကြပါလို့ ဘိုးဘိုးက တိုက်တွန်းနှိုးဆော်သမှု ပြုလိုက်ရပါတယ်ကွယ်။

**တက္ကသိုလ်မောင်နှင်းဝေ**

## တနင်္ဂနွေနေ့

♦ အားလပ်ရက်ကွဲ့ တနင်္ဂနွေ
လည်ပတ်ကြစို့လေ၊
မိသားစုတွေ ပျော်ပျော်ပါး
တိရစ္ဆာန်ရုံကိုသွား။

♦ ဒေါင်း၊ ယုန်၊ မျောက်၊ ကျား၊ ချေ၊ သမင်
ခြင်္သေ့၊ မိကျောင်း၊ ဆင်၊
တိရစ္ဆာန်စုံလင် မြင်တွေ့ရ
ကြည်နူးပျော်ရွှင် ဝမ်းသာလှ
ရင်သပ်ရှုမောစွ။ ။

**ချာန်လေး(ပညာရေး)**



## ဆွမ်းလောင်းကြစို့

♦ ရွာဦးကျောင်းက အုန်းမောင်းသံ
လင်းကြက်အချိန်မှန်၊
ဆွမ်းတော်ချက်ရန် ထပါလို့
ကုသိုလ်ယူကြစို့။

♦ ငှက်ကလေးတို့ ညံစီစီ
နံနက်မိုးသောက်ပြီ၊
အရှေ့ဆီက ရောင်နီဝင်း
လှတဲ့နံနက်ခင်း။

♦ ဦးပဉ္ဇင်းကြီး ကြွလာလျှင်
ဆွမ်းလောင်းကြစို့ပြင်၊
ဆွမ်း၊ ဟင်းစုံလင် ကပ်လှူလောင်း
ကြည်နူးပျော်ဖို့ကောင်း။ ။

**စော်မင်း(ပင်းကြိုင်း)**



# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)
(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။
(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။
(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။
(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။
(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။
(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။
(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။
(၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။
(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်
(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်
(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်
(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား
(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ စစ်တွေနှင့် မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုက ပို့ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၈ ဒသမ ၄၂ သန်းရရှိထား



**စစ်တွေ ဒီဇင်ဘာ ၃**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပြည်ပသို့ ရခိုင်ပြည်နယ်ရှိ စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း နှစ်ခုက ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၂ သန်း ရရှိထားကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်အောင်က ပြောပြ၍ သိရသည်။

ပြည်ပသို့ တင်ပို့ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ရှစ်သန်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၂ သန်း ရရှိထားကြောင်း သိရသည်။

"မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေကတော့ ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ရှစ်သန်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၂ သန်းဖိုးတင်ပို့ထားပါတယ်။ ဒီဘဏ္ဍာနှစ်မှာ ရေထွက်ကုန်ကို အများဆုံးတင်ပို့နိုင်တာဖြစ်တယ်"ဟု အထွေထွေအတွင်းရေးမှူး ဦးအောင်အောင်က ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုက ရေထွက်ကုန်အများဆုံး တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါစခန်းနှစ်ခုမှ ရေထွက်ကုန် ၆၅ ရာခိုင်နှုန်းနှင့် ကုန်ခြောက် ၃၅ ရာခိုင်နှုန်း တင်ပို့နေပြီး ရေထွက်ကုန်တင်ပို့မှုတွင် မွေးမြူရေးငါးမြစ်ချင်း၊ ငါးမုတ်မည်း၊ ငါးသလောက်၊ ငါးနီတူခြောက်နဲ့ ငါးမုတ်ခြောက်များ ပါဝင်ကြောင်း သိရသည်။

ပြည်ပသို့ ရခိုင်ဒေသထွက် ကွမ်းသီး၊ လဲမှို၊ အုန်းဆီ၊ တညင်းသီး၊ ငါးမုတ်၊ ငါးနီတူခြောက်၊ ငါးကလေးစုံခြောက်၊ ငါးကုန်းညှိခြောက်တို့အပြင် တံမြက်စည်းအကြမ်းစသည်တို့ကို တင်ပို့ခဲ့ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှထွက်ရှိထုတ်လုပ်သော ဆီးယိုထုတ်၊ ချင်း(အစို)၊ ကြက်သွန်၊ ကုလားပဲ၊ ဆီးသီးခြောက်၊မန်ကျည်းစေ့၊ ဖိနပ်၊ ချည်လုံးချည်၊ သနပ်ခါးခဲ၊ ကော်ဖီမစ်၊ နေကြာစေ့နှင့်ခေါက်ဆွဲခြောက်တို့ကို တစ်ဖက်နိုင်ငံနယ်စပ်သို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်တစ်ခုဖြစ်သည့် ဆန်ကို ပြည်ပသို့ လက်ရှိအချိန်ထိ တန်ချိန် ၆၅၀၀၀ ကျော် တင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။

ASH

# အောင်လံမြို့နယ် စစ်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ထုတ်ချေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဆဋ္ဌမအကြိမ်အဖြစ် စစ်အောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၃၀၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၈၄ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုလှိုင်

**ပလင်ါးတန်ဖိုးမြိုဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ တသင်းသားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



**Vansiho Co.,Ltd**
**Sky Star Wall Putty Powder**

* **စာရင်းကိုင်(မ) ၁ ဦး အလိုရှိသည်။ (Junior Accountant)**
* Computer ကျွမ်းကျင်စွာကိုင်နိုင်ပြီး Excel, Word ဝိုင်နိုင်သူဖြစ်ရမည်။
* စာရင်းပိုင်းကျွမ်းကျင်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်အထက်ရှိရမည်။
* အိမ်ထောင်မရှိသူဖြစ်ရမည်။
* ဥပုသ်နေ့တိုင်းပိတ်သည်။
* ရုံးချိန်/ 8:30 am (to) 5:00 pm
* မန္တလေးမြို့၊ အမှတ်(က-၃/၇၅) 68(B) (110×111) ချမ်းမြသာစည်မြို့နယ်၊ မြတ်ပညာဘော်ဒါဆောင်အနီး။ → 09-798388388


## သင့်သေးဖြင့်အသက်ကယ်ပါ

### အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာမြိုင်(၂)ရပ်ကွက်နေ ကျွန်မ ဒေါ်နွယ်နွယ်သန်းနှင့် (မိခင်) ဒေါ်တင်ကြည်သည် ယခင်က အတူနေ **ဒေါ်နိုင်ဝေမွန်(ခ) ဂျူးဂျူး (၉/မရမ(နိုင်)၀၈၂၉၆၄)**အား မည်သည့်အချိန်ကမှ General Power/ Special Power ကို တရားဝင်လွှဲအပ်ထားခြင်း မရှိခဲ့ပါ။ သူမလက်ဝယ်တွင် ကျွန်မအမည်ဖြင့် General Power တစ်ခု ကိုင်ဆောင်ထား ကြောင်း သိရှိထားပါသဖြင့် ထို G.P မှာ တရားမဝင်ကြောင်း၊ ကျွန်မနှင့် ကျွန်မမိခင်ကို ကိုယ်စားမပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်သန်း (၉/မရမ(နိုင်)၀၂၀၆၆၃)**

### သားအဖြစ်မှစွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်တောင်၊ အကွက်အမှတ် (၈၈၃/ဖ) ရပ်နေ ဦးမြင့်သောင်း (၉/မရတ(နိုင်)၀၃၁၁၉၆)မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏သား **မောင်စာနည်ထွန်း(ခ)မောင်ရူးရူး** သည် မိဘနှင့် မိသားစုဆွေမျိုးသားချင်းများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမြင့်သောင်း**

သစ်တော
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ **MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ် . . .**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/ ၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ



၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်းတိုးတက်မြင့်မားစေရေး ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် **စုပေါင်းလမ်းလျှောက်ပွဲ**ကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် **စာမျက်နှာ ၁၇ ကော်လံ ၂** ❖

# မန္တလာတက္ကသိုလ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်နှစ်ခု တိုးမြှင့်ထည့်သွင်းသင်ကြားလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလာတက္ကသိုလ်တွင် လက်ရှိဘာသာရပ်ပေါင်း ၁၃ ခုကို သင်ကြားပေးရာမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်၍ **Environmental Studies** နှင့် **Environmental Science** ဘာသာရပ်နှစ်ခုကို တိုးမြှင့်ထည့်သွင်းသင်ကြားပေးလျက်ရှိပြီး ပေးအပ်မည့်ဘွဲ့မှာ **B.ES(Environmental Studies), B.Sc(Environmental Science)**ဖြစ်ကြောင်း မန္တလာတက္ကသိုလ် ပါမောက္ခချုပ်၏ ပြောပြချက်အရ သိရသည်။

မန္တလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်း ၁၃ ခုကို သင်ကြားပို့ချပေးလျက်ရှိရာ နှစ်စဉ်ပုံမှန်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူဦးရေ ၅၀၀၀ မှ ၆၀၀၀ ဝန်းကျင် လက်ခံသင်ကြားပေးလျက်ရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ်ထိ ဘွဲ့ရကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ယခု **Environmental Studies** နှင့် **Environmental Science** ဘာသာရပ် နှစ်ခုကို ဝိဇ္ဇာသိပ္ပံအထူးပြုအဖြစ် သင်တန်းကာလလေးနှစ်သတ်မှတ်ထားပြီး ဘာသာရပ်တစ်ခုလျှင်ကျောင်းသား၊ ကျောင်းသူဦးရေ ၅၀ လက်ခံသင်ကြားပေးလျက်ရှိကြောင်း၊ ထူးခြားမှုတစ်ခုအဖြစ် **စာမျက်နှာ ၁၇ ကော်လံ ၂** ❑



## မန်းရွှေစက်တော်ဘုရား ပူဇော်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

စာမျက်နှာ - ၁၁

## မြန်မာနိုင်ငံတွင် လွှတ်တော်သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်

ဆောင်းပါး စာမျက်နှာ - ၂၁


Quality For You — ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ — Quality For You


ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉